ကာလေန မဓူသဝနံ့ ဇတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၆)

ယနေ့ထုတ်
စောင်ရေ
၂၀၀၀ဖြူ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရန် အပြောမဟုတ်အလုပ်နဲ့လက်တွေ့ပြနေ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ နေရာတိုင်းမှာ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဒါ့ကြောင့် ပြည်နယ် ပြည်မ ဒေသအားလုံး မျှမျှတတ တိုးတက်ဖို့အတွက် လမ်းတံတားတွေ၊ ဆည်မြောင်းတာတမံတွေ၊ ဆေးရုံတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ စာသင်ကျောင်းတွေ၊ စက်ရုံ အလုပ်ရုံတွေကို တစ်နိုင်ငံလုံးမှာ တည်ဆောက်ပေးနေတာဖြစ်တယ်။ အပြောမဟုတ်ဘဲ အလုပ်နဲ့လက်တွေ့ပြနေတာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၅)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ပါဝင်စစ်ရေးပြကြမည့်စစ်ရေးပြစစ်ကြောင်း များ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

ရေရှည်မျှော်မှန်းချမှတ်ထားသည့် တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် အောက်ပါဦးတည်ချက်(၄)ရပ်ကို ချမှတ်ထားသည်။

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့်တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး

တို့ဖြစ်သည်။

တပ်မတော်အစိုးရသည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ကူးပြောင်းနိုင်ရေးအတွက် တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကိုမိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဆီလျော်သော ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်ပေးလျက်ရှိသည်။

နိုင်ငံတော်တွင် မည်သည့်စနစ်ကျင့်သုံးသည်ဖြစ်စေ ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိမှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်သည်။

အမျိုးသားညီလာခံမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးနှင့် အနာဂတ်နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လုပ်ငန်းလမ်းညွှန်ဖြစ်သော မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်တွေ့ဘဝနယ်ပယ်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တပ်မတော်အစိုးရနှင့်အတူ ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့များသည် ၎င်းတို့ ကြိုးကိုင်ခြယ်လှယ်နိုင်မည့် အစိုးရတစ်ရပ် အာဏာရရှိရေးအတွက် ပြည်တွင်းပြည်ပရှိ အဖျက်သမားများကို မြှောက်ပင့်ပေးပြီး နိုင်ငံရေး၊ စီးပွားရေး နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်လျက်ရှိကြသည်။

နိုင်ငံတော်၏ တာဝန်ကိုယူထားရသော တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ပြည်တွင်းပြည်ပ အဖျက်သမားများကို ချေမှုန်းရာတွင် တပ်မတော်တစ်ခုတည်းဖြင့် မဆောင်ရွက်နိုင်ပေ။ ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်မှသာ ဤတာဝန်ကိုကျေပွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်တွင်းသောင်းကျန်းသူများကို ချေမှုန်းရေးတွင် ပြည်သူပါဝင်ရန်လိုအပ်သကဲ့သို့ ပြည်ပကျူးကျော်စစ်ပွဲဆင်နွှဲလာခဲ့လျှင်လည်း ပြည်သူတစ်ရပ်လုံးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်နေရသော မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်ပြိုကွဲစေမည့်၊ နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်လာမည့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့်သာ ကျင့်သုံးချေမှုန်းရမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းသောင်းကျန်းမှုများကြောင့် တိုးတက်မှုနှောင့်နှေးခဲ့ရသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးအာရုံစိုက်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ တိုင်းရင်းသားသွေးချင်းတို့၏ နယ်စပ်ဒေသများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်နေရပြီ ဖြစ်သည်။

အလားတူနိုင်ငံတော်အတွင်း လူများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးကိုလည်း ကျေးလက်ဒေသ၌ အခြေခံအကျဆုံး လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုချမှတ်ပြီး တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတစ်နိုင်ငံမှတစ်နိုင်ငံသို့ စစ်ဆင်နွှဲလျှင် သတင်းအချက်အလက်စစ်ပွဲဖြင့် စတင် တိုက်ခိုက်ပြီးနောက် သာလွန်သော အင်အား၊ ခေတ်မီဆန်းပြားသော နည်းပညာ စစ်လက်နက်ပစ္စည်းကိရိယာများဖြင့် ကျူးကျော်ဝင်ရောက်ခဲ့သည့် သာဓကများစွာကိုတွေ့မြင်နေရသည်။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သည်။ တပ်မတော်အင်အားမတောင့်တင်းလျှင် ပတ်ဝန်းကျင်၏ မခန့်လေးစားပြုလုပ်ခြင်း၊ ရန်စခြင်းကိုခံရမည်ဖြစ်သည်။ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက် မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့အတွက် ရေရှည်မျှော်မှန်းပြီး ချမှတ်ထားသော (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ်ပါ တာဝန်များကို တပ်မတော်သားများအနေဖြင့် ပြည်သူတို့နှင့်လက်တွဲ၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

မတ် ၁၀ရက်က သဃ်န်းကျွန်းမြို့နယ် အမက(၁၀) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ (မိဘမေတ္တာ)အား ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့စည်ပင်သာယာရေး ကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲအား အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ်၂၀ ရက်က ရန်ကုန်တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြသိမ်းမြောက်ဥက္ကလာပ မီးသတ်ဇုန်နယ်မြေမှူး ဦးဟန်ဝင်း၊ ထောက်ကြန့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးတို့နှင့်အတူ မင်္ဂလာဒုံ စက်မှုဇုန်ရှိ စက်ရုံများ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်ရေပိုက်ခေါင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဗဟိုမီးသတ်)

ခရိုင်အမျိုးသမီးရေးရာ ကျန်းမာရေးအဖွဲ့ ကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် မတ် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ ကျန်းမာရေးအဖွဲ့က ဦးစီးကျင်းပသော ပညာပေးဟောပြောပွဲကို မတ် ၂၁ ရက်က သဃ်န်းကျွန်းမြို့နယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသမီးငယ်များတွင်ဖြစ်ပွားလေ့ရှိသော ရောဂါအကြောင်းကိုသားဖွားမီးယပ်အထူးကုဒေါက်တာဒေါ်စန်းစန်းဝင်းက လည်းကောင်း၊ အဆုတ်ရောဂါအကြောင်းသိကောင်းစရာများကို ရန်ကုန်တိုင်း တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်လှကြင်က လည်းကောင်း **(အောက်ပုံ)** စိတ်ရောဂါအကြောင်း သိကောင်းစရာများကို စိတ်ကျန်းမာရေးဆေးရုံမှ ဒေါက်တာဒေါ်ခင်အေးကြိုင်က လည်းကောင်း ပညာပေးဟောပြောကြကြောင်း သိရသည်။ **(၄၀၀)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၂၃

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးကာတွန်းနှင့်ငွေကြည်၏ "ထုံးစံမှတ်လို့" မြန်မာ့ဟာသဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ ဆရာပြည့်စုံ (သွေးသောက်)၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ ချစ်ကိုကိုယု၊ မိုးကြိုး(ဗဒင်)၊ဆြာကြီးထိန်၊ကာတွန်း မြင့်စိုးလေး၊သုတေသီဆရာငြိမ်း၊မုဒုံသုမွန်၊တေးသံရှင်ကြည်အောင်၊တနိုင်ခ၊သဇင်နီနီ၊မောင်လှိုင်မွှေး၊ မြင့်သန်းဦး၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသရသ အတွေးအရေးများ၊ ရုပ်ရှင်နှင့်သဘင် မှ ဟာသရသများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ် ၃၄ ကို ဝါမိုးအောင် စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့်အတူ နံနက် ၅ နာရီ ၄၅ မိနစ်တွင် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

တာဝန်ရှိသူများအားမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံအတွင်းသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့်အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်နိုင်ထွန်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ နံနက် ၈ နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ (၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ တပ်မတော်(လေ)ပြခန်းနှင့် တပ်မတော်(ရေ) ပြခန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ ရောက်ရှိကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက ကြိုဆိုကြသည်။

ပြခန်းစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် (၅၉)နှစ်မြောက်တပ်မတော်နေ့ စာပေ၊ အနုပညာပြိုင်ပွဲပြပွဲ ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားကာ တပ်မတော်ခန်းမမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ပြခန်းကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

တပ်မတော်၏မြတ်အဖော်

(တပ်မတော်ဂုဏ်ပြု ကိုယ်တွင်းပြည့်ကာရန်ယူတေးထပ်)

ချွေးစက်ညီမူအရ
တူတကွလှမ်းမယ်
ပန်းရှာတယ်လား
တွင်းပြင်ရဲ့ခွဲထွက်မည်ကို
တွဲလက်ညီမပြုတ်စေသား
ပုဆိန်ရိုးမျိုးဖြုတ်ကောင်ကို
ကြိုးကုပ်နှောင်အထား
နယ်ချဲ့ရန်ပျောက်ကွယ်သွားမှ
တစ်ထောက်နားကြံရွယ်
တပ်မတော်လက်အတွဲကိုလ
မပျက်ဘဲမင်းလိုက်ခဲ့ကွယ်
ဒို့ပြည်ထောင်စုတိုင်းဌာနီဝယ်
တွေ့ပါမယ်ပြည်သူများက
မောင်တို့အား တေးနဲ့ကြိုဟန်
လမ်းစဉ်မြတ်ခုနစ်တန်
ရွှေပြည်ကြီးနီးဖို့ဆိုရန်
မြန်မာ့မူလမ်းစဉ်မှန်ဝယ်
ခေတ်ရောက်ပြန်ထူးရမယ်လေး

ပေးဆက်မည်တူအမျှ
မူအလှပန်းနွှယ်ရယ်
နွမ်းပါကွယ်မနား
သင်းဝင်ဖွဲ့ရဲမက်ပီတယ်
နွဲ့ဆက်မည်အလုပ်တွေများ
အချိန်တိုးကြိုးကုတ်ဆောင်မယ်
မိုးချုပ်တောင်မနား
ရမယ်ဖွဲ့ပြန်နောက်ဆွယ်များကိုလ
မမှောက်မှားအမှန်ကွယ်
မြတ်အဖော်မပျက်နွဲ့ပါလို့
တစ်ဆက်ထဲတင်းလိုက်ခဲ့မယ်
ဒို့ညီနောင်စုဝိုင်းကာညီတယ်
မွေ့သာဖွယ်ကြည်ဖြူစကားနဲ့
နှောင်ဖို့များဘေးမဲ့ခိုရန်
ပန်းဝင်ရမူအမှန်
ရွှေစည်တီးဆီးလို့ကြိုရန်
ဘဝတူလမ်းရှင်ပြန်တယ်
ချစ်မောင်နှံမြူးကြမယ်လေး။ ။

တက္ကသိုလ်တင်ခ

ရွှေဘိုမြို့တွင်(၂၅)တန်ကျ ဖွဲနုဆီစက်နှင့်တန်(၅၀)ကျ ဆန်စက်ဖွင့်ပွဲအခမ်းအနားကျင်းပ
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်ဖွင့်လှစ်အားပေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး၌ တည်ဆောက်ပြီးစီးသွားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ (၂၅) တန်ကျ ဖွဲနုဆီစက်နှင့် တန် (၅၀)ကျ ဆန်စက်ဖွင့်ပွဲ အခမ်းအနားတွင် စက်ရုံသမိုင်းမော်ကွန်းကျောက်စာတိုင်ကို အဝေးထိန်းစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး၌ တည်ဆောက်ပြီးစီးသွားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ (၂၅)တန် ဖွဲနုဆီစက်နှင့် တန်(၅၀)ဆန်စက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဖွဲနုဆီစက်နှင့် ဆန်စက်တို့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။

ဖွဲနုဆီစက်နှင့် ဆန်စက်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မော်ကွန်းကျောက်စာတိုင်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်ရုံသမိုင်းမော်ကွန်းကျောက်စာတိုင်ကို အဝေးထိန်းစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှတ်တရသစ်သီးခြင်းပေးအပ်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ Veendeep Oiltek Exports မန်နေဂျင်းဒါရိုက်တာ Mr. P.M. Bhandari အား အမှတ်တရ သစ်သီးခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

တိုးချဲ့တည်ဆောက်

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ အထက်မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးသည့် နေရာဒေသများ၌ ဖွဲနုဆီစက်အသစ်များ တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုများပြားပြီး ကုန်ကြမ်းဖွဲနု ရရှိနိုင်မှု သိပ်သည်းသော မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တစ်နေ့ တန် (၅၀)ကျဖွဲနုဆီကြိမ်းစက်၊ (၁၀)တန်ကျ ဖွဲနုဆီသန့်စက်နှင့် တစ်နေ့ (၂၅)တန်ကျ ဆန်စက် နှစ်လုံးတို့ကို မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၂ခုနှစ် သြဂုတ်လတွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကြိတ်ခွဲထုတ်လုပ်နေပြီဖြစ်ကြောင်း။

ပြည်တွင်းမှာပင်ထုတ်လုပ်တပ်ဆင်

ယနေ့တွင် ရွှေဘိုမြို့၌ ဖွဲနုဆီစက်နှင့် ဆန်စက်ကို ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ဖွဲနုဆီစက် တည်ဆောက်ရာတွင် အိန္ဒိယသမ္မတနိုင်ငံ Veendeep Oiltek Exports ကုမ္ပဏီမှ စက်ပစ္စည်းနှင့် နည်းပညာအကူအညီ ၅၀ရာခိုင်နှုန်း ရယူ၍ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်သူပညာရှင်များက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်စက်ကို မိမိတို့ တိုင်းရင်းသား ကျွမ်းကျင်ပညာရှင်များဖြင့် ပြည်တွင်းမှာပင် ထုတ်လုပ်တပ်ဆင်ခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖွဲနုဆီစက်နှင့် ဆန်စက် တည်ဆောက်ပြီးစီးသဖြင့် ဒေသအတွင်း နည်းပညာဆိုင်ရာများနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေဘိုဒေသတွင် ယခုကဲ့သို့ ခေတ်မီ ဖွဲနုဆီစက်၊ ဆန်စက်များ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူများကိုယ်စား ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုဆုငွေများပေးအပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ Veendeep Oiltek Exports မန်နေဂျင်း ဒါရိုက်တာ Mr. P.M. Bhandari အား အမှတ်တရ သစ်သီးခြင်း ပေးအပ်ပြီး စီမံကိန်း ဝန်ထမ်းများကိုယ်စား ဖွဲနုဆီစက်နှင့် ဆန်စက် တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ ဦးအောင်သွင်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်ပြီး မန်နေဂျင်းဒါရိုက်တာ Mr. P.M. Bhandari ကလည်း အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲကျင်းပမည့် နေရာ၌ နေရာယူကြပြီး ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံတို့က ဖဲကြိုးဖြတ်၍ ဖွဲနုဆီစက်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွဲနုဆီစက်လည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတို့က ဖဲကြိုးဖြတ်၍ ဆန်စက်ကို ဖွင့်လှစ်ပေးကြသည်။

ကြိတ်ခွဲမှုကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်ကြိတ်ခွဲသန့်စင်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ဖွဲနုဆီစက်မှာ တစ်ရက်လျှင် ဖွဲနု (၂၅) တန်မှ ဆီကြမ်း ၂ဒသမ၅ တန်ရရှိမည့် ဆီစက်ဖြစ်သည်။

ဆန်စက်မှာ တစ်ရက်လျှင် တန် (၅၀) ကျဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်သည့် တန်းလတ် ၂၅မှတ်ဆန်ကြိတ်ဖွပ်ပေးနိုင်သည့် ဆန်စက်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွဲနုဆီစက်နှင့် ဆန်စက်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ တည်ဆောက်ပြီးစီးသွားသည့် သံဃာဆောင်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သံဃာဆောင်ဖွင့်လှစ်

သံဃာဆောင်ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ခရိုင်၊မြို့နယ်မှဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြသိန်းနှင့် မြို့မိမြို့ဖ ဦးတိုက်ကြီးမောင်တို့က သံဃာဆောင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်ခလုတ်နှိပ်၍ သံဃာဆောင်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး သံဃာဆောင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ သံဃာဆောင်ကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၁၀၀၊ ရွှေဘိုမြို့နယ်မှ စေတနာရှင်များကလှူဒါန်းငွေ ကျပ်သိန်း၈၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သံဃာဆောင်မှာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး (၁၅)ခုတင်ဆံ့ အဆောက်အအုံဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ တည်ဆောက်ပြီးစီးသွားသည့်သံဃာဆောင်ဖွင့်ပွဲအခမ်းအနားအပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာတောင်ဘက် အမာရီယာမြို့အနီး အမေရိကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ဖော်လူဂျာ မတ် ၂၂

အမေရိကန်ရဟတ်ယာဉ်တစ်စင်းသည် ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖော်လူဂျာမြို့၏ တောင်ဘက်တွင် ပျက်ကျသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ပျက်ကျမှုသည် ဖော်လူဂျာမြို့၏ တောင်ဘက်ရှိ အမာရီယာမြို့အနီး၌ သောကြာနေ့က ဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးဒုတိယညွှန်ကြား ရေးမှူးဗိုလ်မှူးချုပ်ကင်မ်မစ်က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ရဟတ်ယာဉ်မှူး နှစ်ဦးစလုံးကို ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ရပြီး ယင်းပျက်ကျရာဒေသကို အမေရိကန်တပ်များက လုံခြုံရေးယူထားခဲ့သည်။

ပြောက်ကျားခုခံရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လွန်ခဲ့ သည့် တစ်နှစ်၌ အမေရိကန်နှင့် အပေါင်းပါတို့ အီရတ်ကိုမတရားကျူးကျော် တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်ရဟတ်ယာဉ်အချို့ ပျက်ကျခဲ့ရသည်။

သေဆုံးခဲ့

လွန်ခဲ့သည့်နိုဝင်ဘာလ၌ မြေပြင်မှပစ်ခတ်ခြင်းခံရပြီးနောက် မိုဆူးလ်မြို့အနီး၌ ဘလက်ဟော့ခ် ရဟတ်ယာဉ်နှစ်စင်း တိုက်မိပြီး ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၇ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

ကန်တို့၏အယ်လ်အဆက်ဒ်လေတပ်စခန်း တိုက်ခိုက်ခံရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ၁၃၅ မိုင်အကွာရှိ အယ်လ်အဆက်ဒ်လေတပ်အခြေစိုက်စခန်းကို ခုခံတိုက်ခိုက်ရေးပြောက်ကျားများက စိန်ပြောင်းဖြင့် ကြာသပတေးနေ့က တိုက်ခိုက်ခဲ့ရာတွင် ရရှိခဲ့သော ဒဏ်ရာဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် အင်ဒရူးဒီဘရောင်းဖီးလ် သေဆုံးသွားကြောင်းကာကွယ်ရေးဌာနက ပြောကြားသည်။

ဘရောင်းဖီးလ်သည် လွန်ခဲ့သည့် တစ်နှစ်၌ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစပြီး အက်ကရှန်မြို့မှ ပထမဆုံး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဖြစ်ခဲ့သည်။

ပစ်ခတ်

ထိုနေ့က အယ်လ်အဆက်ဒ် လေတပ်အခြေစိုက်စခန်းကို စိန်ပြောင်း ကျည်ငါးလုံးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရ

ပစ်ခတ်မှု ဖြစ်ပွားချိန်၌ ဘရောင်းဖီးလ်သည် မော်တော်ယာဉ်တစ်စီးအတွင်း၌ ရှိနေခဲ့ကြောင်း၊ အခြားမရိန်းတပ်ဖွဲ့ဝင် သုံးဦးလည်း ဒဏ်ရာရခဲ့ကြောင်း မရိန်းတပ်ဖွဲ့ဗိုလ်မှူးစတိဖ်ပို့က်က ပြောကြားသည်။

ဘရောင်းဖီးလ် အီရတ်သို့ ရောက်ခဲ့သည်မှာ တစ်လခန့်သာ ရှိသေးသည်ဟုဆိုသည်။

ထို့ပြင် အီရတ်စစ်ပွဲဖြစ်ပွားသည့် တစ်နှစ်မပြည့်မီတစ်ရက်အလိုဖြစ်သော ကြာသပတေးနေ့၌ပင် အမေရိကန် ပြည်ထောင်စု ဂျော့တောင်းမြို့မှအခြား မရိန်းတပ် ဖွဲ့ဝင်တစ်ဦးဖြစ်သူ ရစ်ကီမောရစ်ဆိုသူလည်း အီရတ်၌ သေဆုံးခဲ့ရသည်ဟု သိရသည်။

အီရတ်နိုင်ငံတစ်ဝန်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား အီရတ်တို့က နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိရာ သေဆုံးဒဏ်ရာရမှု တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၅၇၈ဦးရှိပြီ

ဝါရှင်တန် မတ် ၂၃

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များသည် လွန်ခဲ့သည့်နှစ် မတ်လ ၂၀ရက်ကစပြီး မတရားသော ကျူးကျော်စစ်ပွဲကိုဆင်နွှဲ တိုက်ခိုက်ခဲ့ကြချိန်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါးမျှ သေဆုံးခဲ့ကြရသည်။

ထိုသို့ သေဆုံးခဲ့ကြရာ၌ ၂၀၀၄ ခုနှစ် မတ် ၂၂ ရက် တနင်္လာနေ့ ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၇၈ဦး ရှိသွားပြီဖြစ်သည်။ ယင်းအနက် ၃၉၀မှာတိုက်ပွဲ၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၈၈ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခဲ့ခြင်းဖြစ်သည်။

မေ ၁ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့သည်။ ထိုမေ ၁ ရက်ကစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၄၀ ရှိပြီး ယင်းအနက် ၂၇၅ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၆၅ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။

၂၀၀၃ ခုနှစ် မတ် ၂၀ ရက်၌ အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစပြီး အီရတ်၌ တိုက်ပွဲကြောင့် ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၉၁၀ ဖြစ်ပြီး တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရသော ဦးရေမှာ ၄၃၃ ဦးဖြစ်သည်။

(အင်တာနက်)

မတ် ၂၂ ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တင့်ကားများကို ဆန္ဒပြနေသော အီရတ်တို့က ခဲများဖြင့် ပစ်ပေါက်နေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စောင့်ကြပ်

မတ် ၂၂ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တည်ဆောက်ရေး ကန်တို့ ဒေါ်လာသန်းချီပေးနေဆိုမှု ယုတ္တိမရှိ အီရတ်ပြည်သူတို့သေဆုံးနေ၍ အမေရိကန်တို့ကို ပြည်သူများအပြစ်တင်

ဘဂ္ဂဒက် မတ် ၂၂

အီရတ်နိုင်ငံရှိ အမေရိကန်တို့၏ ဌာနချုပ်ကို တနင်္ဂနွေနေ့က ပစ်ခတ်လိုက်သော ဒုံးကျည်သည် ပစ်မှတ်ကိုလွဲချော်ပြီး အီရတ်အရပ်သားနှစ်ဦး ထိမှန်သေဆုံးခဲ့ရသည်။ အီရတ်အရပ်သားများ သေဆုံးရမှု တိုးပွားလာသည်နှင့်အမျှ အမေရိကန်တို့အပေါ် အီရတ်တို့က ပိုပြီးအပြစ်တင်လာကြသည်။

အပြစ်မြင်

ပစ်ခတ်လိုက်သော ဒုံးကျည်သည် ကားများနှင့်လူများ ပြည့်ကျပ်နေသော လမ်းပေါ်ကျရောက်ခြင်းကြောင့် အရပ်သားများကို ထိမှန်ခြင်းဖြစ်သည်။ ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော အီရတ်နိုင်ငံ၌ ပြည်သူများက အမေရိကန်တို့ကိုသာလျှင် အပြစ်မြင်နေကြသည်။

ဖြစ်ပွား

ပြီးခဲ့သော စနေနေ့က ကာဘာလာမြို့ရှိ ရဲစခန်းအနီးကားဗုံးပေါက်ကွဲ မှုသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင် ရာအရထိခိုက်ပျက်စီးမှုများဖြစ်ပွားစေခဲ့သည်။ အီရတ်ပြန်လည်တည်ဆောက် ရေးအတွက် အမေရိကန်တို့က ဒေါ်လာသန်းချီပြီးပေးနေသည် ဆိုခြင်းမှာ ယုတ္တိမရှိနိုင်သော်လည်း အီရတ်နိုင်ငံ၌ ဆင်ခြင်မှုကင်းမဲ့စွာ သတ်ဖြတ်သေဆုံးရမှုများရှိနေသည်ဆိုခြင်းမှာ အမှန်တကယ်ဖြစ်သည်။

တိုးပွားလာ

အမေရိကန်သည် အီရတ်တို့က ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ပါဝင်ပတ်သက်နေသည်။ လုံခြုံရေး ပြဿနာကလည်း အလိုအပ်ဆုံး အခြေအနေ၌ရှိနေပြီး တစ်နှစ်ကြာလာပြီးသည့်နောက် အီရတ်တို့ သေကျေ ပျက်စီးရမှုများသာ အထင်ကရဖြစ်နေသည်။ ယင်းအခြေအနေမျိုးကြောင့် အမေရိကန်တို့ကို ဆန့်ကျင်မှုများ တိုးပွားလာနေကြောင်းသိရသည်။

(စီအင်န်အင်န်)

နေ့စဉ်ပစ်မှတ်ထား တိုက်ခိုက်ခံနေရမှု ကန်တပ်ဖွဲ့ဝင်များ စိုးရိမ်စိတ်မြင့်မားလာ

ဘဂ္ဂဒက် မတ် ၂၂

အီရတ်စစ်ပွဲ ပြီးဆုံးကြောင်း တရားဝင်ကြေညာခဲ့သည့် လွန်ခဲ့သောနှစ် မေလကစတင်ကာ အမေရိကန် တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်သတ် ဖြတ်မှုများကြောင့် သေဆုံးခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် နေ့စဉ်လိုလိုပစ်မှတ်ထား တိုက်ခိုက်ခြင်းခံနေရပြီး အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့်ခက်ခဲကြမ်းတမ်းသောနေ့များကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်လေဆိပ်ရှိ အမေရိကန်စစ်စခန်းရှိ တပ်ဖွဲ့ဝင်များ၏ ထက်ဝက်ကျော်သည် အရန်တပ်ရင်းအဖွဲ့ဝင်များသာဖြစ်ပြီး အီရတ်၌ ရောက်ရှိနေသည်မှာ တစ်နှစ်ကျော်ခန့် ရှိပြီဖြစ်သည်။ လေတပ်စခန်း၌ အမေရိကန် အစားအစာများ ရရှိနိုင်သော် လည်း ၎င်းတို့သည် အချိန်မရွေး အန္တရာယ်ပြုခံရနိုင်သည့် ပတ်ဝန်းကျင်၌ နေထိုင်နေရကြောင်း ခံစားနေရပြီး နေ့စဉ်ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်ဆိုသောအချက်က တပ်ဖွဲ့ဝင်များအား စိုးရိမ်ပူပန်စိတ်မြင့်မားလာစေကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အမေရိကန်နှင့်အပေါင်းပါများ လအလိုက်သေဆုံးရမှု

မရေရာသောအကြောင်းပြချက်များဖြင့် အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်များက ကျူးကျော်စစ်ပွဲဆင်နွှဲပြီး တပ်စွဲထားသည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။ စစ်ရေးအရ အင်အားအသုံးပြုပြီး ပြောင်ပြောင်တင်းတင်း ကျူးကျော်ခဲ့သဖြင့် အီရတ်နိုင်ငံကို ကာကွယ်စောင့်ရှောက်နေသော အီရတ်တပ်မတော်ပြိုကွဲခဲ့ရပြီး တိုင်းပြည်ဖရိုဖရဲဖြစ်ကာ နိုင်ငံတစ်ဝန်းလုံးခြုံမှုကင်းမဲ့လျက်ရှိသည်။ တိုင်းတစ်ပါးတပ်များ ကျူးကျော်တပ်စွဲထားမှုကို မခံမရပ်နိုင်ဖြစ်သော အီရတ်တို့က ပြင်းထန်စွာဆက်လက်ခုခံတိုက်ခိုက်နေသောကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ နေ့စဉ်နီးပါးသေဆုံးလျက်ရှိသည်။

သယ်ဆောင်

ဖေဖော်ဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးကြောင့် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးအား သယ်ဆောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့ ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများလအလိုက်သေဆုံးမှု

လအမည်	အမေရိကန် တပ်ဖွဲ့ဝင်	ဗြိတိသျှ တပ်ဖွဲ့ဝင်	အပေါင်းပါ နိုင်ငံများ	စုစု ပေါင်း
၂၀၀၃ခုနှစ် မတ်လ	၆၅	၂၇	၀	၉၂
၂၀၀၃ခုနှစ် ဧပြီလ	၇၃	၆	၀	၇၉
၂၀၀၃ခုနှစ် မေလ	၃၇	၄	၀	၄၁
၂၀၀၃ခုနှစ် ဇွန်လ	၃၀	၆	၀	၃၆
၂၀၀၃ခုနှစ် ဇူလိုင်လ	၄၇	၁	၀	၄၈
၂၀၀၃ခုနှစ် ဩဂုတ်လ	၃၅	၆	၂	၄၃
၂၀၀၃ခုနှစ် စက်တင်ဘာလ	၃၁	၁	၁	၃၃
၂၀၀၃ခုနှစ် အောက်တိုဘာလ	၄၂	၁	၂	၄၅
၂၀၀၃ခုနှစ် နိုဝင်ဘာလ	၈၂	၂	၂၇	၁၁၁
၂၀၀၃ခုနှစ် ဒီဇင်ဘာလ	၄၀	၀	၈	၄၈
၂၀၀၄ခုနှစ် ဇန်နဝါရီလ	၄၇	၅	၀	၅၂
၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ	၂၀	၁	၂	၂၃
၂၀၀၄ခုနှစ် မတ်လ ၂၂ရက်ထိ	၂၉	၀	၀	၂၉
စုစုပေါင်း	၅၇၈	၆၀	၄၂	၆၈၀

ဖေဖော်ဝါရီ ၁၅ရက်က ဘဂ္ဂဒက်အနောက်ပိုင်း အဝေးပြေး လမ်းမကြီးပေါ်၌ အီရတ်ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းပျက်စီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၉ရက်က အီရတ်နိုင်ငံ ဟီလာမြို့၌ ပိုလန်စစ်အခြေစိုက်စခန်းအား အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် မီးလောင်ပျက်စီးနေသောပိုလန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် အပေါင်းပါတပ်ဖွဲ့ဝင် ၅၈ဦး ဒဏ်ရာရရှိခဲ့ကြသည်။) (ဓာတ်ပုံ-အင်တာနက်)



စစ်ဆေး

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည့်နေရာတွင် တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီးသွား

ဖေဖော်ဝါရီ ၁၆ရက်က ဘဂ္ဂဒက်မြို့ဆင်ခြေဖုံး၌ အီရတ်ပြောက်ကျားတို့၏ လမ်းဘေးဗုံးကြောင့် ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ပြည်သူနှင့်တပ်မတော်ပူးပေါင်းဖောက်လုပ်ခဲ့သည့် ခိုလမ် – ကျိုင်းတောင်းလမ်း

၁။	စတင်ဖောက်လုပ်သည့်နေ့	၂-၃-၂၀၀၁
၂။	ဖြူးခင်းလမ်း မိုင်	၄၁
၃။	ကျောက်ခင်းလမ်း မိုင်	၃၁
၄။	သစ်သားတံတား	၁၂
၅။	သံကူကွန်ကရစ်တံတား	၇
၆။	ကွန်ကရစ်ရေပြွန်	၈၈

ခိုလမ် – ကျိုင်းတောင်းလမ်းပြမြေပုံ

ခိုလမ်–ကျိုင်းတောင်းလမ်းပေါ်တွင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသော တပ်မတော်သားများကို တွေ့ရစဉ်။

မိုင်းပန်–ကျိုင်းတောင်းလမ်းပေါ်ရှိ တပ်မတော်သားများ ဖောက်လုပ်ခဲ့ ကွန်ကရစ်ရေပြွန်ကို တွေ့ရစဉ်။

ပြည်သူနှင့်တပ်မတော်ပူးပေါင်းဖောက်လုပ်ခဲ့သည့် မိုင်းပန် – ကျိုင်းတောင်းလမ်း

၁။	စတင်ဖောက်လုပ်သည့်နေ့	၁၃-၁၂-၂၀၀၁
၂။	ဖြူးခင်းလမ်း မိုင်	၄၆
၃။	သစ်သားတံတား	၃၄
၄။	ကွန်ကရစ်ရေပြွန်	၉၄
၅။	လမ်းကာ ကျောက်တိုင်	၁၃၀၀

မိုင်းပန်–ကျိုင်းတောင်းလမ်းပေါ်ရှိ တပ်မတော်သားများ ဖောက်လုပ်ခဲ့သော ဖြူးခင်းလမ်းကို တွေ့ရစဉ်။

တပ်မတော်သားများ တည်ဆောက်ခဲ့သည့် မိုးနဲ–ကျိုင်းတောင်းလမ်းရှိ သံကူဘေလီတံတားကို တွေ့ရစဉ်။

ပြည်သူနှင့်တပ်မတော်ပူးပေါင်းဖောက်လုပ်ခဲ့သည့် မိုးနဲ – ကျိုင်းတောင်းလမ်း

၁။	စတင်ဖောက်လုပ်သည့်နေ့	၂-၃-၂၀၀၁
၂။	မြေသားလမ်း မိုင်	၄၅
၃။	သစ်သားတံတား	၂
၄။	သံကူဘေလီတံတား	၃၆၀

24-3 (7).p65 2 3/24/05, 1:50 PM

ဆယ်စုနှစ်များကို ဖြတ်သန်းခြင်း

မြင့်စိုး (နတလ)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

(၁)

ဝဲဘက်လက်ညှိုးမှ အမာရွတ်လေးများကို မြင်လိုက်တိုင်း ငယ်ဘဝပုံရိပ် များက တဖျတ်ဖျတ်အန်ကျလာတတ်သည်။ မှတ်ပုံတင်ပြုလုပ်ချိန်၌ ကျွန်တော်၏ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသားထူးထူးခြားခြား ရှာမတွေ့။ ထိုသောအခါ စိတ်ရှည်ဟန်မတူတော့သည့် မှတ်ပုံတင်အရာရှိသည် ကျွန်တော်၏ ဝဲဘက်လက်ကို ဆတ်ခနဲ ဆွဲယူကာ တစ်ခု၊ နှစ်ခု၊ သုံးခု ဟု လိုက်လံရေတွက်ပြီး ရေးချလိုက်တော့၏။ ဝဲဘက်လက်ညှိုး အမာရွတ် ခုနစ်ခုရှိ။

ငယ်စဉ်က သေနတ်သံကိုအလွန်သဘောကျသည်။ အထူးသဖြင့် တောက်ဖုန်း–တောက်ဖုန်း ဟု မြည်တတ်သော ဘရင်းဂန်းသံ။ ထို့အတူ စစ်တိုက်တမ်းကစားရတာကိုလည်း နှစ်ခြိုက်သည်။ ထိုသို့ ကစားရန်အတွက် ပျဉ်ပြားပေါ်တွင် မီးသွေးခဲဖြင့် သေနတ်ပုံဆွဲပြီး ဓားနှင့်လိုက်ရွေရ၊ ခုတ်ထစ်ရ၏။ မောင်းခလုတ်နေရာနှင့် ဒင်ပိုင်းနေရာအတွက် ခုတ်တိုင်းခုတ်တိုင်း ကျွန်တော့် လက်ညှိုးတွင် ဓားထိစမြဲ။ ကြာတော့ ဝဲဘက်လက်ညှိုး၌ အမာရွတ်တွေ တိုးတိုးလာသည်။ ခြောက်ငါးမူး ကျွန်းပြားတွေ ခုတ်ပစ်မိ၍ အဘိုးနှင့်လည်း တကျက်ကျက်။

အဘယ်ကြောင့် ထိုကစားနည်းကို ကျွန်တော်တို့နှစ်ခြိုက်ခဲ့ရပါသနည်း။ ရုပ်ရှင်တွေထဲမှာ မြင်ဖူး၍လား။ မဟုတ်ပါ။ မှတ်မှတ်ရရ ကျွန်တော့်ဘဝတွင် ပထမဦးဆုံးကြည့်ဖူးသော ရုပ်ရှင်ဇာတ်ကားမှာ လှော်ကထားဈေးထဲ၌ ပိတ် ကားထောင်ပြခဲ့သည့် “ကိုယ်လိုချင်သောပန်း” ဆိုသည့် ဇာတ်ကား။ သို့သော် ဘာတိုက်ပွဲခန်းမှမပါ။ နောက်တစ်ခါလာပြသည်က “မြေသင်းနံ့သာ”၊ နွားလှည်းမောင်းပြိုင်ပွဲလုပ်ကြသည်။ နိုင်သွားသည့် နွားတွေက တိုးပွားနှင့် တိုင်းကျော်။ သည်ကားမှာလည်း တိုက်ပွဲဖြစ်တာတွေ၊ ပစ်တာခုတ်တာတွေမတွေ့ရ။ ဓားကိုင်၊ ခြောက်လုံးပြူး သေနတ်ကိုင် လူဆိုးဓားပြများကို ဖမ်းတာ ဆီးတာလောက်ပဲပါသည်။ သို့ဖြစ်လျှင် တိုက်ပွဲဆိုသည့် အနိဋ္ဌာရုံကို ဘယ်မှာ တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးခဲ့သနည်း။ ရွာအနီးအနား၌ပင် တွေ့ဖူးမြင်ဖူး၊ ကြားဖူးသည်လို့ပဲ ဖြေရတော့မည်။ ထိုအချိန်က ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် တပ်မတော်နှင့် သောင်းကျန်းသူများ လက်တွေ့ကျကျ သွားလာလှုပ်ရှား စစ်တိုက်နေကြသည်။

(၂)

မသိနိုးနားအရွယ်မို့ ကြောက်ရလန့်ရမှန်းမသိ၊ သေနတ်သံကို ပျော်စရာဟု ထင်ခဲ့သည်။ တစ်နေ့ညဦးပိုင်းတွင် ခေါင်းရင်းအိမ်က ဒေါ်ကတုံးမရောင်းသော ဆီပတ်ဝမ်းပျဉ်းမုန့်ကို စားချင်၍ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်သိုက် မလွယ်ပေါက်မှ ခိုးထွက်သည်။ ဗြုန်းကနဲ သေနတ်သံများကြားရ၍ ပြန်အပြေး၊ မလွယ်ပေါက်၌ တစ်ယောက်ကျော တစ်ယောက်တက်နင်းမိကြသည်ကိုက ပျော်စရာ တစ်မျိုးဖြစ်နေသည်။ လူကြီးတွေအဖို့မူ သေနတ်သံများ၏ နောက်ဝယ် စိတ်မချမ်းမြေ့စရာများက အလိုလိုပါလာပြီး ဖြစ်တော့၏။

ရွာထဲက ပြည်သူ့စစ်ကင်းစခန်းကိုဝင်ပစ်ပြီး လလသသဆိုင်နှင့် လယ်ထွန်စက်များကို မီးတင်ရှို့သွားကြသည်။ ထိုစဉ်က ပပကဆိုင်၊ လလသသ ဆိုင်ဟုခေါ်ခဲ့သောအချိန်၊ သမဆိုင်ဟုမခေါ်ကြသေး။ ည၌လယ်တွင်အဝေးဆီမှ သေနတ်သံသဲ့သဲ့မကြားလိုက်နှင့်။ နံနက်လင်းသော် ညကဘယ်ရွာမှာ ဘယ်သူတွေကိုဝင်ဆွဲပြီး သတ်သွားပြီဆိုသည့် သတင်းကြားရဖို့ သေချာသည်။ အနောက်ရိုးမတောင်ပေါ်သို့ သစ်ခုတ်၊ ဝါးခုတ်တက်သွားသူများ လှည်းနှင့် နွားသာစိုက်စိုက်မတ်မတ် အိမ်ပြန် ရောက်လာသည်။ လူကမူ ပါမလာ တော့ပြီ။

ထို့အတူတပ်မတော်စစ်ကြောင်းများ ကွင်းပြင်ကျယ်ကြီးထဲ၌ တပ်ဖြန့်ချီ တက်လာသည့်အနေအထား၊ ရွာတွင်းသို့ ရှင်းလင်းဝင်ရောက်လာသည့် ပုံဏ္ဍာန်၊ ခေတ္တတပ်စခန်းချနေခိုက်သူတို့၏ လှုပ်ရှားသွားလာ နေထိုင်ပုံစနစ်များမှအစ စစ်ဆင်ရေးများတွင် ပြည်သူလူထုနှင့် ပူးပေါင်း ဆောင်ရွက်သည့် နည်းစနစ်များ၊ လက်ဆင့်ကမ်း ပိတ်ဆို့ရေးများ၊ ပြည်သူ့စစ်များနှင့်ပူးတွဲလှုပ်ရှားမှုများကိုပါ ကြားရသိရ နားရည်ဝလာသည်။ တစ်ခါက တပ်နှင့်ပူးတွဲလုပ်သော ကောက်သင်းကောက် စစ်ဆင်ရေးတစ်ခုတွင် ရွာကပြည်သူ့စစ်တွေ ပါသွားသည်။ ဗကပ တစ်ယောက်အား ကိုယ်တိုင်ကိုယ်ကျ ရိုင်ဖယ်သေနတ်နှင့် ချိန်ရွယ်ပစ်ခတ် လာခဲ့သော ပြည်သူ့စစ်ကိုတင်ဝင်းကြီးသည် နေ့ချင်းညချင်းရွာမှာ ဟီးရိုး ဖြစ်သွား၏။

ရွာထိပ်က ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မကြာခဏလာရောက်စခန်းချသော တပ်မတော်စစ်ကြောင်းများနှင့် လက်ပွန်းတတီးနေရ ဖန်များလတ်သော် သူတို့၏စည်းကမ်းတကျ နေထိုင်ပြုမူလှုပ်ရှားမှုများ၊ အထက်အောက် အပြန်အလှန်လေးစားမှုများ၊ အမိန့်နာခံတတ်မှုများ၊ သစ္စာရှိမှုများကိုတွေ့မြင် လာရသည်။ တပ်မတော်အပေါ် အထင်ကြီးလေးစားမှုမှတစ်ဆင့် ပေါက်ဖွား လာသောအားကျစိတ်သည် ထိုနေရာမှ စတင်သည်ဟုပဲဆိုရပေတော့မည်။ သို့သော် ထိုစဉ်က ကျွန်တော်နားလည်နိုင်စွမ်းမရှိသေးသော ကိစ္စ တစ်ခုမှာ–

- သူတို့ (တပ်မတော်နှင့် သောင်းကျန်းသူများ)ဘာ အတွက် စစ်တိုက်နေကြ သနည်း။
- ဘယ်လောက် ကြာသည်အထိ စစ်တိုက်နေကြရဦးမည်နည်း။
- ကျွန်တော်တို့ရော ဘယ်သောအခါတွင် အေးအေးချမ်းချမ်း နေထိုင်ကြရမည်နည်း၊ ကျွန်တော်မသိပါ။

(၃)

ကျွန်တော် တပ်ထဲရောက်လာသည်။ ကျွန်တော်တို့အချင်းချင်း ဘာ့ကြောင့် (ဘယ်သူတွေကြောင့်) စစ်တိုက်နေကြရသည်ကို နားလည်သဘောပေါက်သည်။ သို့သော် ဘယ်အချိန်ထိ တိုက်နေကြရဦးမလဲ။ ဘယ်တော့ငြိမ်းချမ်းမလဲ။ ကျွန်တော်မဖြေနိုင်။ အမှန်အတိုင်း ဝန်ခံ လျှင် ကျောင်းဆင်းခါစ၌ တိုက်ချင် ခိုက်ချင်စိတ်ပြင်းပြကြသည်။ တစ်သွေး တစ်သံတစ်မိန့်။ နိုင်ငံနှင့် လူမျိုးအတွက် တပ်မတော်အတွက် သေသည် အထိတိုက်ကြရလိမ့်မည်။ သည်လိုပဲခံယူထားသည်။ သို့အတွက် ဘယ်တော့ငြိမ်းချမ်း မလဲဟူသော မေးခွန်းနှင့် ပတ်သက်၍ တစ်ကြိမ် တစ်ခါမျှ စဉ်းစားခဲ့ဖူးခြင်းမရှိ။ သူတို့ဘက်က ကြည့်လျှင်လည်း ထိုနည်းနှင်နှင် ပင်ရှိလိမ့်မည်။ သူတို့ ခံယူထားသည့်အတိုင်း ယုံကြည် ထားသည့်အတိုင်း မပြောင်းမလဲ တရားသေ ဆုပ်ကိုင်ထားဆဲ။ သည်တော့ ဆက်တိုက်ကြသည်။ နေရာအနှံ့၊ ဒေသအနှံ့၊ မြန်မာပြည် တစ်နံ တစ်လျားမှာ။ ကာလအားဖြင့်လည်း နှစ်ပေါင်း (၄၀)သို့ တိုင်ခဲ့သည်။ မရပ်နိုင်။ အတောမသတ်နိုင်ကြ။

ဤသို့ တိုက်ခိုက်မှုများအကြား မလူးသာမလွန့်သာပိတ်မိပြီး အခက် အခဲမျိုးစုံ၊ ဆင်းရဲဒုက္ခမျိုးစုံတို့နှင့် ကြုံတွေ့ခံစားခဲ့ကြရသူများမှာ မိမိတို့သွေးချင်းသားရင်းများဖြစ်ကြ၏။ နှစ်ပေါင်း ၄၀အတွင်း အသက်သာ (၄၀)ပြည့်သွားမည်။ စာတစ်လုံးမှ မတတ်သူတွေ ဒုနှင့်ဒေး။ ရွာကြီး ရွာကောင်းတွေ မြို့ဖြစ်လာဖို့နေနေသာသာ ရွာပျက်၊ ရွာရှောင်၊ ရွာပုန်းတွေ ဖြစ်သွားလားသွားရဲ့။ ကျန်းမာရေးစောင့်ရှောက်မှုမရှိ။ ဆေးရုံဆေးခန်းများ ရှိရာ သွားဖို့ရာ ခက်သည်။ နှစ်ပေါင်း ၄၀ အတွင်း ကောင်းတာဆိုလို့ ကွက်ကွက် လေးပင်ပြစရာ ရှိမည်မဟုတ်ပေ။

သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများအားလုံးဖြစ်တည်ရာ အစပျိုးရာသို့ ရေဆုံးရေဖျား လိုက်လံတူးဆွကြည့်ပါက အဓိကတရားခံ မည်သူမည်ဝါဖြစ်သည်ကို ထင်ထင် ရှားရှားတွေ့ရမည်သာ။ မတတ်သာ၍ လွတ်လပ်ရေးပေး

လိုက်ရသော်ငြား နှစ်ပေါင်း ၄၀ ကျော်
နှစ်ပေါင်းရာချီ၍ အစီအစဉ်ရှိရှိ ကြ
နေရာအလိုက်၊ လူမျိုးအလိုက် ခွဲခြားကာ
အာဃာတတံတိုင်းများ အကန့်လိုက်၊
သည်။ ဤသံသယမှိုင်းများကို မည်
အာဃာတတံတိုင်းများကို မည်သူဖြိုဖ

(၄)

တပ်မတော်အစိုးရဖြစ်သည်။
၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ တ
ရယူလွှဲပြောင်း ထမ်းဆောင်ခဲ့သော တ
ပြန်လည် စည်းလုံးညီညွတ်ရေးကို အ
ခဲ့သည်။ နှစ်ပေါင်း ၄၀ တိုင် တစ်စ
လက်နက်ကိုင်လမ်းစဉ်ကြီးကို တော်ရုံ
နိုင် ရုံမျှနှင့်တော့ မည်သည့်တိုင်းရင်းသာ
စွန့်ပယ်လိမ့်မည်မဟုတ်ပေ။ သူတို့သည်
ယုံကြည်အားထားခဲ့ကြသနည်း။ ဒို့တာ
လျက် ချမှတ်ကျင့်သုံးနေသော နိုင်
များအပေါ် အကြွင်းမဲ့ယုံကြည်သက်
သည့်အတိုင်း တိုင်းရင်းသားလက်နက်
တပ်မတော်အစိုးရနှင့် လက်တွဲ၍ နိုင်
ထမ်းရွက်ကြရန်အလို့ငှာ တရားဥပဒေ

**အမျိုးသားပြန်လည်စည်းလုံး ညီ
အဆက်ဆက် အစိုးရများ အနေဖြင့်လ
၏။ သို့သော် မည်သည့် ခေတ်အခါတွ
မျိုးမရရှိခဲ့ပေ။ တပ်မတော်အစိုးရလက်
အထည်ဖော်ဆောင်ရွက်ခဲ့သော နယ်စပ်
ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ကမ္
မရှိဖူးသေးသော စီမံကိန်းဖြစ်သည်။ ဤ
အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြေ
ယုံကြည်ကိုးစားမှုကို ပိုမိုခံယူရရှိခဲ့ခြင်
မေတ္တာ၊ ဂရုဏာ၊စေတနာတို့ကို အနှ
စီမံကိန်းတစ်ခုပါပေ။**

**ဤစီမံကိန်းအတွက် နိုင်ငံတော် အ
ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဉ
သော နယ်စပ်ဒေသနှင့်တိုင်းရင်းသား
အကောင်အထည်ဖော်ရေး ဗဟိုကေ
ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် တ
ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ
ဖော်ရေးလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရ
ဆပ်ကော်မတီများဖွဲ့စည်းဆောင် ရွက်ခဲ့
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်
ဝန်ကြီးဌာနတည်းဟူသော ဝန်ကြီးဌ
ပေးခြင်းသည်ပင်လျှင် နိုင်ငံတော်အစိုး
တို့အပေါ် ထားရှိသော စေတနာကို**

နိုင်ငံတော်အစိုးရသည် နယ်စပ်

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသမှ ချင်းရွှေဟော် ဆေးရုံကို ဤသို့တွေ့ရသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကောင်းခါးဒေသရှိ ဘိန်းအစားထိုးသီးနှံ ပဲစင်းငုံစိုက်ခင်းများကို ဤသို့တွေ့ရသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ဤသို့ တွေ့ရသည်။

လိုက်ရသော်ငြား နှစ်ပေါင်း ၄၀ ကျော် ဤကဲ့သို့ ဝါးအစည်းပြေနေစေဖို့ နှစ်ပေါင်းရာချီ၍ အစီအစဉ်ရှိရှိ ကြိုတင်ကြံစည်ခဲ့ကြခြင်းဖြစ်သည်။ နေရာအလိုက်၊ လူမျိုးအလိုက် ခွဲခြားကာ သံသယမှိုင်းများတိုက်ခဲ့ကြသည်။ အာဃာတတံတိုင်းများ အကန့်လိုက်၊ အကန့်လိုက်ခတ်ထားရစ်ခဲ့ကြသည်။ ဤသံသယမှိုင်းများကို မည်သူ လွင့်ပြယ်စေခဲ့သနည်း။ ဤအာဃာတတံတိုင်းများကို မည်သူဖြိုဖျက်ပေးခဲ့သနည်း။

(၄)

တပ်မတော်အစိုးရဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ ရယူလွှဲပြောင်း ထမ်းဆောင်ခဲ့သော တပ်မတော်အစိုးရသည် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အလေးပေးကြိုးပမ်း တည်ဆောက်ခဲ့သည်။ နှစ်ပေါင်း ၄၀ တိုင် တစိုက်မတ်မတ် ဖက်တွယ်လာသော လက်နက်ကိုင်လမ်းစဉ်ကြီးကို တော်ရုံတန်ရုံ ယုံကြည်မှု တည်ဆောက်နိုင် ရုံမျှနှင့်တော့ မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကမှ စွန့်ပယ်လိမ့်မည်မဟုတ်ပေ။ သူတို့သည် မည်သည့်အရာကို အလေးအနက် ယုံကြည်အားထားခဲ့ကြသနည်း။ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ချမှတ်ကျင့်သုံးနေသော နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများအပေါ် အကြွင်းမဲ့ယုံကြည်သက်ဝင်၍ဖြစ်သည်။ ဤသို့ ယုံကြည်သည့်အတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် တပ်မတော်အစိုးရနှင့် လက်တွဲ၍ နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်ကြရန်အလို့ငှာ တရားဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည်။

အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် စပ်လျဉ်း၍ ခေတ်အဆက်ဆက် အစိုးရများ အနေဖြင့်လည်း ကြိုးပမ်းတည်ဆောက်ခဲ့ဖူးပါ၏။ သို့သော် မည်သည့် ခေတ်အခါတွင်မှ ဤမျှလောက် အောင်မြင်မှုမျိုးမရရှိခဲ့ပေ။ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မရှိဖူးသေးသော စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်လည်း တိုင်းရင်းသားတို့၏ ယုံကြည်ကိုးစားမှုကို ပိုမိုခံယူရရှိခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ မေတ္တာ၊ ဂရုဏာ၊စေတနာတို့ကို အနှိုင်းမဲ့ ပေါ်လွင်ထင်ဟပ်စေသော စီမံကိန်းတစ်ခုပါပေ။

ဤစီမံကိန်းအတွက် နိုင်ငံတော် အကြီးအကဲ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်းဆောင် ရွက်ခဲ့သည်။ ထို့ပြင် နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေး ဝန်ကြီးဌာနတည်းဟူသော ဝန်ကြီးဌာနအသစ် တစ်ခုတိုးချဲ့ဖွဲ့စည်းပေးခြင်းသည်ပင်လျှင် နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသား သွေးချင်းတို့အပေါ် ထားရှိသော စေတနာကိုခန့်မှန်း တွက်ဆနိုင်ပေသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ်မှ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ငွေကျပ်သန်းပေါင်း ၅၄၁၈၆ ဒသမ ၈၇ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ဒေသ အလိုက်ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြား ကျယ်ပြန့်လာသည်။ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့သော လမ်းများ၊ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော ကျောင်းများ၊ ဆေးခန်းများ၊ ရေအားလျှပ်စစ်စက်ရုံကြီးများစသည်ဖြင့် အစီအရီ ပေါ်ထွက်လာကြသည်။

ဤသည်မှာ နှစ်ပေါင်း ၄၀ ကာလအတွင်း မိမိတို့ဒေသ၊ မိမိတို့လူမျိုးအပေါ်ပေးဆပ်ရန် ရှိရှိသမျှတို့အတွက်အလုပ်အကျွေးပြုခြင်းမည်ပါ၏။ လွန်ခဲ့သော ခြောက်နှစ်ခန့်က ရခိုင်တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဦးပြောသွားသည့် စကားတစ်ခွန်းကိုအမှတ်ရမိသည်။ ထိုအချိန်က သူသည် စိုင်တင်ချောင်းရေအားလျှပ်စစ် ထုတ်လုပ်ရေးအတွက် အကူအညီ တောင်းခံရန် ရောက်ရှိလာခြင်းဖြစ်၏။

ကျွန်တော်တို့ဒေသမှာ လျှပ်စစ်ဓာတ်အားအမှန်တကယ် လိုအပ်နေပါတယ်။ တစ်ချိန်က နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင် ရခိုင်ပြည် နယ်အတွင်းလာရောက်ပြီး စမ်းသပ်တိုင်းတာရေးတွေ လုပ်ခဲ့ကြဖူးပါတယ်။ ဒါကိုကျွန်တော်တို့အဖွဲ့က ပစ်ခတ်နှောင့်ယှက်မိတဲ့အတွက် စီမံကိန်းပျက်သွားတဲ့ အထိဖြစ်ခဲ့ရတယ်။ သည့်အတွက် အခုအချိန်မှာ နောင်တရမိပါတယ် ဟု ပြောခဲ့ဖူးသည်။

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်



မိုင်းလားဒေသရှိ ဒေသခံ တိုင်းရင်းသားကလေးငယ်များသည် ယခင်က သက်ငယ်မိုး မူလတန်းကျောင်းကလေးတွင် ချို့တဲ့စွာ ပညာသင်ကြားနေကြရာမှ ယခုအခါ မိုင်းလားဒေသ၌ ခံ့ညားထည်ဝါသော မိုင်းလား အထက်တန်းကျောင်းကို တည်ဆောက်ပြီးဖြစ်၍ အခြေခံပညာများကို စိတ်ချမ်းမြေ့စွာဖြင့် သင်ကြားနိုင်ကြပြီ ဖြစ်သည်။

လမ်းစဉ်ကိုစွန့်လွှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် နည်းတူအခြားစွန့်လွှတ်မှု တစ်ခုလည်း ရှိသေး၏။ မူးယစ်ဆေးဝါးစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်း။ ဤလုပ်ငန်းသည် တစ်ချိန်က လက်နက်ကိုင်အဖွဲ့အစည်း အချို့အတွက် အသက်သွေးကြောဖြစ်ခဲ့သည်။

ယနေ့အချိန်အခါတွင်မူ နိုင်ငံတော်အစိုးရက ဘိန်းအစားထိုး စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် အင်တိုက်အားတိုက် ကူညီ ပံ့ပိုးဆောင်ရွက်ပေးသကဲ့သို့ ၎င်းတို့ကိုယ်တိုင်ကလည်း ဘိန်း အစားထိုး ဝင်ငွေတိုးလုပ်ငန်းများအား ဖိဖိစီးစီးလုပ်ကိုင် ဆောင်ရွက် နေပြီဖြစ်သည်။ သို့အတွက် Opium Freezone အဖြစ် ကမ္ဘာသိ ကြေညာနိုင်သော ဒေသများပေါ်ထွက်လာခဲ့သည်။

(၅)

ကျွန်တော်တို့အားလုံး ဆယ်စုနှစ်တစ်ခုချင်းစီကို ဖြတ်သန်းနေကြသည်။ ဆယ်စုနှစ်တစ်ခုချင်းစီ၏ သမိုင်းမော်ကွန်းကိုရေးထိုးနေကြသည်။ မိမိတို့ ဖြတ်သန်းနေသောကာလအတွင်း သမိုင်းကြောင်းကောင်းဖို့ရာ အားလုံးတွင် ကိုယ်စီတာဝန်ရှိပါ၏။ ခါးသီးဖွယ်ဆယ်စုနှစ်များနှင့်လည်း ကြုံတွေ့ခဲ့ကြပြီး ဖြစ်သည်။ ထိုသို့ ကြုံတွေ့ရလေတိုင်း တပ်မတော်သည် တိုင်းရင်းသားပြည်သူအားလုံး၏ ရှေ့တွင် မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်ချည်းသာ။

တပ်မတော်အစိုးရ၏ မှန်မြတ်သော စိတ်ရင်းစေတနာမှန်ကြောင့် လည်း မည်သည့်ခေတ်အခါနှင့်မျှမတူ နိုင်ငံတော်တစ်ဝန်းအေးချမ်း သာယာလာခဲ့သည်။ ငြိမ်းချမ်းခဲ့သည်။ နိုင်ငံတော်၏ ရှေ့ခရီးထာဝစဉ်ဖြောင့်ဖြူး အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့်ပြည်သူ နိုင်နိုင်မြဲမြဲ လက်တွဲညီညီ ချီတက်လျှောက်လမ်းကြပါစို့။ ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) တာကော်အက်ဒေသတွင် သံလွင်မြစ်ကို ဖြတ်ကူးရန်အတွက် ယခင်က တာကော်အက်ကူးတို့ဆိပ်ကိုသာ အားကိုးရပြီး ခက်ခက်ခဲခဲ အန္တရာယ်များစွာဖြင့် ဖြတ်ကျော်ခဲ့ရသည်။ အဆိုပါ အခက်အခဲကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် သံလွင်တံတား (တာကော်အက်)ကို ဤသို့ တွေ့ရသည်။

အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် စပ်လျဉ်း၍ ခေတ် အဆက်ဆက် အစိုးရများ အနေဖြင့်လည်း ကြိုးပမ်း တည်ဆောက်ခဲ့ဖူးပါ၏။ သို့သော် မည်သည့် ခေတ်အခါ တွင်မှ ဤမျှလောက်အောင် မြင်မှုမျိုးမရရှိခဲ့ပေ။ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မရှိဖူးသေးသော စီမံကိန်း ဖြစ်သည်။ ဤစီမံကိန်းကို အလေးထား အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း ကြောင့်လည်း တိုင်းရင်းသားတို့၏ ယုံကြည်ကိုးစားမှုကို ပိုမိုခံယူရရှိ ခဲ့ခြင်း ဖြစ်သည်။

စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ ခေတ်မီနိုင်ငံတော် ထူထောင်နိုင်မည်

စက်မှုလုပ်ငန်းရှင်များ ဈေးကွက်စီးပွားရေးစနစ်၏ လွတ်လပ်မှုကို မှန်မှန်ကန်ကန်အသုံးချ

စက်မှုဇုန်များ၏ တိုးတက်အောင်မြင်မှုများကို ပို၍အရှိန်အဟုန်ကောင်းလာရေးကြိုးပမ်း

ရန်ကုန် မတ် ၂၃

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်း မြို့တော်ဝန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ်၂၀ရက် နံနက် ၉ နာရီတွင် မန္တလေးစက်မှုဇုန်(၂)သို့ ရောက်ရှိပြီး စက်မှုဇုန်(၂)၌ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မန္တလေးစက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ ထုတ်လုပ်နေသော စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ စက်မှုဇုန်(၂)ရွှေလုံဗိုလ်လမ်းရှိ Asia-Myanmar Group ကိုအောင်မိုး စက်မှုလက်မှုလုပ်ငန်းသို့ သွားရောက်ပြီး မော်တော်ယာဉ်ကိုယ်ထည် အစိတ်အပိုင်း ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဦးအောင်မိုးနှင့် တာဝန်ရှိသူများက တန်(၂၅၀) ပုံဖိစက် ကြိုးပမ်းတည်ဆောက်ထားမှုနှင့် တန် (၂၅၀)ပုံဖိစက် အသုံးပြုနိုင်မှု အခြေအနေများကို လည်းကောင်း၊ အခြား စက်ပစ္စည်းကိရိယာများ အသုံးပြု၍ မော်တော်ယာဉ်ကိုယ်ထည်အစိတ်အပိုင်း ထုတ်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

တာဘိုင်ထုတ်လုပ်မှုကြည့်ရှု

ထိုမှတစ်ဆင့် ရွှေလုံဗိုလ်လမ်းရှိ ကိုဖုန်းနှင့်ညီများ၏ ရွှေတြိဂံစက်မှုလက်မှုသို့ သွားရောက်ကြပြီး ပဲအမျိုးမျိုးသန့်စင်စက်၊ စားသောက်ကုန်အခြောက်ခံစက်၊ သံပြားနှင့် သံလုံးကွေးစက် တည်ဆောက်ထားမှုများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရာတွင် အသုံးပြုသည့် တာဘိုင်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မန္တလေး စက်မှုဇုန်အတွက် သံရည်ကျိုစက် (Foundry Plant)၊ ခုတ်စားနှင့် ဖိစက်စက်ရုံ (Machine Plant) တည် ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုပြီး စက်ရုံတည်ဆောက်ရန် ပုံစံရေးဆွဲထားမှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကုန်တင်ယာဉ်ကြီးများစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မန္တလေး စက်မှုဇုန် (၁)သို့ ရောက်ရှိကြပြီး MTO Auto Mobile ထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသည့် (၁၀)တန်အထက် ကုန်တင်ယာဉ်ကြီးများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ကုန်တင်ယာဉ်ကြီးများနှင့် လူစီး ဘတ်စကားတည်ဆောက်ရေးသုံး မိုပုံစံများကို ကြည့်ရှုကြသည်။

လူစီးဘတ်စကားရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးစက်မှုဇုန်(၁) မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီက စမ်းသပ် ထုတ်လုပ်ထားသည့် ၄၂ ယောက်စီး လူစီးဘတ်စကားကို ကြည့်ရှုစစ်ဆေးအားပေးကြရာဦးသန်းဦးနှင့် တာဝန်ရှိသူများက တောင်ပေါ်-မြေပြန့် ဘက်စုံအသုံးပြုနိုင်သည့် လူစီးဘတ်စကားအဖြစ် ကြိုးပမ်း တည်ဆောက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မန္တလေး စက်မှုဇုန်(၁) ပဒုမ္မာလမ်းရှိ ဉာဏ်ယှဉ်နှင့်ညီများ တွင်စက်မှုလက်မှုသို့ သွားရောက်ကြပြီး သဲ-ခဲ-ရေစုပ်ပန့် အမျိုးမျိုး၊ အဲယားကွန်ပရက်ဆာ အမျိုးမျိုး ထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ကနောင်စက်မှုခန်းမ၌ မန္တလေး စက်မှုဇုန် တာဝန်ခံများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်က မန္တလေးစက်မှုဇုန်သို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အဆင့် အကြီးအကဲများရောက်ရှိစဉ် မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မန္တလေး စက်မှုဇုန်၌ Automation နှင့် Computerizel Machine စတင်သုံးစွဲပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေး မြင့်မားလာစေရန် ကြိုးပမ်းမှု၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများတိုးချဲ့ဖြစ်ပေါ်ရန် အားပေးဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်မှုဇုန်အတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး၊ CMP စနစ်ဖြင့် လည်ပတ်မည့် စက်ရုံများ ဖြစ်ပေါ်ရေး စသည့် စက်မှုဇုန်အဆင့်မြင့်တင်ရေးကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာ အခြေခံအဆောက်အအုံအများအပြားကိုနိုင်ငံတော်တစ်ဝန်း၌တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ထိရောက်အောင်မြင်

ထို့အတူ နိုင်ငံတော်၏ အခြေခံစီးပွားရေး ကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အတိုင်းအတာတစ်ရပ်အထိ ထိရောက်အောင်မြင်စွာ မြှင့်တင်ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

တစ်ဖက်မှလည်း စက်မှုဇုန်များ ထူထောင်ပေးပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်နိုင်မှာဖြစ်ကြောင်း။

အားထည့်ကြိုးပမ်း

နိုင်ငံတော်၏လက်ရှိအမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် နှစ်စဉ် စီမံကိန်းလျာထားချက်များအတိုင်း ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ မှန်သော်လည်း အနှစ် ၃၀ နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များနှင့်အညီ ကာလတို ငါးနှစ်စီမံကိန်းအလိုက် အမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ စက်မှုကဏ္ဍ ပါဝင်မှုအချိုးအစား မြင့်မားလာရန် အားထည့်ကြိုးပမ်းရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင် မြင့်မားလာစေရန် မိမိတို့တွန်းအားပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးအဖြေရှာ

ယနေ့ တွန်းအားပေး ဆောင်ရွက်ရာ၌ စက်မှုဇုန်များကို အဆင့်မြှင့်တင်နိုင်ရန်၊ ပန်းပဲဖိုသာသာအဆင့်မျိုးမဟုတ်ဘဲ ခေတ်မီစက်ကိရိယာများ အသုံးပြုလာနိုင်အောင် မိမိတို့ လက်တွေ့ကျကျ စက်မှုလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးအဖြေရှာခဲ့ပြီး ဖြစ်ကြောင်း။

နည်းပညာအကူအညီပေး

မန္တလေးစက်မှုဇုန်၌ ခေတ်မီ သံရည် ကျိုစက်နှင့် ခေတ်မီ Press Machine ၊ Cutting Machine၊ Lathe Machine အပါအဝင် စက်ကိရိယာပစ္စည်း ၁၃ မျိုး ပါဝင်သည့် စက်ရုံအလုပ်ရုံများ ထူထောင်နိုင်ရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိကြောင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနကလည်း အနီးကပ်လိုအပ်သည့် နည်းပညာ အကူအညီများ ပေးနေကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း၊ ပါးစပ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်နေ၍ မဖြစ်ကြောင်း။

အစွမ်းကုန်ဖြည့်ဆည်း

နိုင်ငံတော်အပိုင်းက ပုဂ္ဂလိက စက်မှုဇုန်များ၏ အရည်အသွေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေး အတွက် ယခုကဲ့သို့ ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုနိုင်အောင် အကူအညီပေးနေသည့်အပြင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေး၊ ကုန်ကြမ်းပစ္စည်းများ ရရှိရေး တို့ကိုလည်း အစွမ်းကုန်ညှိနှိုင်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ထို့ပြင် စက်မှုလုပ်ငန်းများအတွက်ရော၊ တိုးတက်မြင့်မားနေသော လူနေမှုစနစ်အတွက်ပါ မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက်လည်း လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများကို ဦးစားပေးတည်ဆောက်လျက်ရှိရာ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မုန်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်းတို့မှာ စောစီးစွာပြီးစီးမည့်စီမံကိန်းများဖြစ်ရာ လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိမှာဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များအပိုင်းကလည်း ဈေးကွက်စီးပွားရေးစနစ်၏ စီးပွားရေး လွတ်လပ်မှုကို မှန်မှန်ကန်ကန်အသုံးချ၍ တစ်ဦးချင်း အရည်အသွေး၊ တစ်ဦးချင်းအားထုတ်ကြိုးပမ်းတီထွင်မှု၊ ရိုးသားမှု၊ သမာဓိရှိမှု၊ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းတိုးတက်မြင့်မားအောင် ကြိုးစားသွားကြရန်လိုအပ်ကြောင်း။

လတ်တလော အမြတ်ရရှိရေး အတွက် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်လွန်းမှုများ ရှိနေမည်ဆိုလျှင် ရေရှည်တိုးတက်အောင်မြင်မှု ရနိုင်မှာ မဟုတ်ကြောင်း။

ပိုမိုအရှိန်အဟုန်ကောင်း

စိတ်ဓာတ်အခြေခံကောင်း၊အရည်အချင်းကောင်းများဖြင့် မန္တလေးစက်မှုဇုန်၏တိုးတက်အောင်မြင်မှုများကို ပို၍ပို၍ အရှိန်အဟုန်ကောင်း လာအောင်ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက အမှန်တကယ်လိုအပ်သည်များကို ထက်ထက်သန်သန် ပံ့ပိုးကူညီ၍ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များက မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဌာနတာဝန်ခံများက စက်မှုဇုန်အတွက် ကုန်ကြမ်းပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးကိစ္စများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လယ်ယာသုံး စက်ယန္တရားများထုတ်လုပ်ရေး၊ ဘတ်စကားနှင့် ကုန်တင်ကားထုတ်လုပ်ရေး၊ အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်မြင့်မားသည့် ထုတ်လုပ်မှုဖြစ်စေရေးတို့ကို ထပ်မံမှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့ ဝင်းမြင့် ထရော်လာဂျီ ထုတ်လုပ်ရေးလုပ်ငန်းက တီထွင်ထုတ်လုပ်ထားသည့် WM မီးသတ်ယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန် (၁)ရှိ Hi-Tech Forest Industries Co., Ltd. သို့ ရောက်ရှိကြပြီး ပရိဘောဂအမျိုးမျိုးထုတ်လုပ်ထားမှုများ၊ သစ်အချောထည်ထုတ် စက်ပစ္စည်းများနှင့် သစ်အချောထည်ထုတ်လုပ်မှုများ၊ ကြမ်းခင်းတုံးအမျိုးမျိုး ထုတ်လုပ်မှုများကို ကြည့်ရှု စစ်ဆေးအားပေးကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး စစ်ကိုင်းတိုင်း၊ မကွေးတိုင်းမြို့နယ်များသို့ကွင်းဆင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၁၉ရက်မှ ၂၂ရက်အထိ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ မြို့နယ်များနှင့် ကျေးရွာများသို့သွားရောက်၍ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၉ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နွေရာသီလူငယ်အကျိုးပြုသင်တန်းများဖွင့်လှစ်ရေးကိုတက်ညီလက်ညီ ထိရောက်အောင်မြင်အောင် စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ခရိုင်နှင့်မြို့နယ် သုံးခုတို့အတွက် သင်တန်းလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်ငါးသောင်းစီ စုစုပေါင်း ငွေကျပ်နှစ်သိန်းကို ထောက်ပံ့ ကူညီသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂ နာရီတွင် မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံသို့ဘုရားကြီးဘက်စုံ လုပ်ငန်းများအတွက် အလှူငွေကျပ်နှစ်သောင်းကို ပေးအပ်လှူဒါန်းကာ ဘုရားကြီးဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းသည်။ ထို့အတူ မြသလ္လာဈေးသူဈေးသားများကလည်း ဘုရားကြီးဘက်စုံ လုပ်ငန်းများအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကိုလာရောက်လှူဒါန်းသည်။

ထောက်ပံ့ကူညီ

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၁ နာရီခွဲတွင် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ဆားလင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နွေရာသီ လူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးမှာကြားပြီး တိုင်း၊ ခရိုင်၊ မြို့နယ်များ၌ သင်တန်းများအတွက် အသုံးပြုရန် ငွေကျပ် လေးသိန်းငါးသောင်းတို့ကိုထောက်ပံ့ကူညီသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နွေရာသီတွင် အားလပ်နေသော လူငယ်များအတွက် ယဉ်ကျေးမှုနှင့်စာရိတ္တ ပညာသင်တန်း၊ အပ်ချုပ်နှင့်ဇာထိုးပန်းထိုးသင်တန်း၊ ဝါးအသုံးပြု လက်မှုသင်တန်း၊ ဂီတသင်တန်း၊ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အားကစားသင်တန်းများကို မြို့နယ်အလိုက်၊ ကျေးရွာအလိုက် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီခွဲတွင် ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာသို့ ရောက်ရှိ၍ အောင်ဗောဓိကျောင်းဆရာတော် ဦးပညာဇောတအား ဖူးမြော်ကန်တော့ပြီး သာသနာ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မတ် ၁၉ရက်က ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျောင်းဓမ္မာရုံခန်းမ၌ ကျောက်မှော်ကျေးရွာ အုပ်စုကျေးရွာပေါင်း ရှစ်ရွာမှ ပြည်သူလူထု ၇၀၀ ခန့်နှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းတည်ဆောက်မှုများကြောင့် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပြည်သူများ လက်တွေ့အကျိုးခံစားနေရမှုများ၊ တိုင်းပြည်၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးအတွက် အဆင့်(၇) ဆင့်ဖြင့် ချီတက်ရာတွင် ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ရန်ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ကျောက်မှော်ကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသောင်းနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ၊ ဂျာနယ်မဂ္ဂဇင်းများကို ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဌေးအောင်က စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သောင်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက တန်ဖိုးငွေကျပ်တစ်သောင်းငါးထောင် တန်ဖိုးရှိ ဂျာနယ်များ၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းက စာကြည့်တိုက်အတွက် စာအုပ်များ၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးတင်ဝင်းမြင့်က စာကြည့်တိုက် အတွက် စာအုပ်များကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ယင်းမာပင်မြို့နယ် စုန်းချောင်း ကျေးရွာသို့ ရောက်ရှိပြီး ဆရာတော် ဦးသောဘဏအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကာ သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ပေးအပ်ထောက်ပံ့

ဆက်လက်၍ ဝန်ကြီးသည် သဒ္ဓမ္မဇောတိက ဓမ္မာရုံတွင် စုန်းချောင်း ကျေးရွာအုပ်စု ကျေးရွာပေါင်း ရှစ်ရွာမှ ပြည်သူ ၈၀၀ ခန့်နှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ တည်ဆောက်ပြီး တည်ဆောက်ဆဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် ဂျာနယ် မဂ္ဂဇင်းများ၊ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီ လူငယ် အကျိုးပြု သင်တန်းများဖွင့်လှစ်ရာတွင် အသုံးပြုရန် ငွေကျပ်ငါးသောင်းကို ပေးအပ်ထောက်ပံ့သည်။

ထို့နောက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဌေးအောင်က စာကြည့်တိုက်အတွက် ငွေကျပ်တစ်သောင်း၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက တန်ဖိုးငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ဂျာနယ်များ၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းက စာကြည့်တိုက်အတွက် စာအုပ်များနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က စာကြည့်တိုက် အတွက် စာအုပ်များကို အသီးသီးပေး အပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးသည် ည ၈ နာရီခွဲတွင် ယင်းမာပင်မြို့သစ် တောရိပ်သာ၌ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးအောင်မြင့်နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး နွေရာသီလူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်ရန် ဆွေးနွေးမှာကြားကာ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းအတွက် ကူညီ ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကို ပေးအပ်သည်။ အဆိုပါ ထန်းပင်ကုန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်လုပ်ငန်းသည် ရေတားဆည် တမံ အလျားပေ ၂၀၀ ကို သစ်လုံး ၉၀၀ ကျော်ဖြင့် တမံ ပြုလုပ်ပြီး ၁၅ ကီလိုဝပ် လျှပ်စစ်စွမ်းအားရရှိမည့် တာဘိုင်စက်ဖြစ်ကြောင်းသိရသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၀ ရက် နံနက် ၈ နာရီတွင် ပုလဲမြို့နယ် လက်တောင်းကြီး ကျေးရွာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသော ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပုလဲမြို့ အထက်တန်းကျောင်း၊ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်တောင်းကြီးကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀သိန်း၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးပြုပြင်ရန်ငွေကျပ် နှစ်သိန်း၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နွေရာသီ လူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်ရန် ထောက်ပံ့ငွေ ကျပ်ငါးသောင်း၊ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နွေရာသီ သင်တန်း များဖွင့်လှစ်ရန်ငွေကျပ်ငါးသောင်း၊ပုလဲမြို့နယ်ရှိကျောင်းများအတွက် ကျောင်းသုံး စာအုပ်နှင့်ဗလာစာအုပ်များ၊ ကျေးရွာ စာကြည့်တိုက်များအတွက် ဂျာနယ်၊ မဂ္ဂဇင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တို့က ပုလဲမြို့နယ် ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ဆောက်လုပ်လျက်ရှိသည့် ပုလဲမြို့ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် မုံကြိုင်းကျေးရွာ ကိုယ့်အား ကိုယ်ကိုး ကျေးရွာသုံး ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် နိုင်ငံတော် အစိုးရ၏ နေ့မနား၊ ညမအိပ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်သည့် အဓိကတည်ဆောက်ရေးလုပ်ငန်းများ အားလုံးနီးပါး တည်ဆောက်ပြီးနေပြီဖြစ်ကြောင်း၊ ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်း ပြည်သူများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း၊ ၎င်းတည်ဆောက်ရရှိပြီးသည့် အောင်မြင်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ်အဆင့်(၇)ဆင့်ဖြင့်စတင်ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူအားလုံးအင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့
(၂၀၀၄)ခုနှစ် မတ်လ(၂၄)ရက်

“Every Breath Counts, Stop TB Now!”

“တီဘီရောဂါ ပပျောက်ရေး၊ အသက်ရှူတိုင်း သတိပေး”

■ရက်သတ္တပတ်(၃)ပတ် ကျော်၍ချောင်းဆိုးလျှင် နီးစပ်ရာကျန်းမာရေး ဌာနတွင် စစ်ဆေးပါ။

■တီဘီလူနာများအား အစွမ်းထက်မြက်သောတီဘီဆေးဝါးများဖြင့် အခမဲ့ ကုသပေးနေပါသည်။

■“တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု”နည်းဖြင့် ကုသလျှင် တီဘီရောဂါ ပျောက်ကင်းပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၈။	တံငါတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV(Junior Class-II)

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး – စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ)(ဓာတုဗေဒ)
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	သီချင်းကြီးပဒေသာ
၁၇:၄၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၈:၀၀	၉။	ရုပ်ဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၅	၁၀။	Discovery
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၄။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၃၀	၁၅။	(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀	၁၆။	စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏မိန့်ကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက် “ပြည်သူ့အတွက် တပ်မတော်” “ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန် မှာ တို့ဝန်တာ” (စွမ်းအင်၊စီးပွား/ ကူးသန်း၊ သမဝါယမ) – ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် – တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အထက–၂၊လသာ ကျောင်းသူများ–လသာရတနာတေးဂီတအဖွဲ့)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း–၁၅)

ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေး ကော်မတီ အကြိုညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေး ကော်မတီ၏ အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၊ စုံညီအစည်းအဝေး ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဦးစီးကော်မတီဝင်များ၊ စုံညီအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ အကြံပေး ပုဂ္ဂိုလ်ဒေါ်ခင်သန်းနွဲ့၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် စုံညီအစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ်၊ တိုင်းအမျိုး သမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၊ စုံညီအစည်းအဝေး ကျင်းပရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်များက ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်း တင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေကဖြည့်စွက်ညှိနှိုင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘိုကလေးသက်တောရကျောင်းတိုက် လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၃

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ သက်တောရကျောင်းတိုက် လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ရွှေတိဂုံစေတီတော် အင်္ဂါသမာဓိအသင်း ဩဝါဒါစရိယ သက်တောရ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော် ပွဲကို မတ်၂၉ရက်မှ ဧပြီ ၁ရက်အထိ လည်းကောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁ရက်မှ ဧပြီ ၄ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ၁၃၆၅ ခုနှစ် တန်ခူးလပြည့် ၄ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဝိပဿနာတရား ဟောကြားပြသမည်

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်း သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် ကျိုက်ဒေးယုံစေတီတော်၏ ခြေတော်ရင်းဝိပဿနာဓမ္မရိပ်သာ မဏ္ဍလာရာမကျောင်းတိုက်တွင် ပဓာနနာယကဆရာ တော် ကျိုက်ဒေးယုံ အရှင်ဥတ္တရ၊ ဓမ္မာစရိယနယ်လှည့် သာသနာပြုဓမ္မ ကထိက အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် ဓမ္မကထိကဆရာတော်များ ကိုယ်တိုင်မဟာစည်တရားတော်၏ဥပနိဿယအတိုင်း၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်(ဧပြီ ၉ ရက်)မှ တန်ခူးလကွယ်နေ့(ဧပြီ ၁၈ ရက်)အထိ ကိုးရက်တိုင်တိုင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားဝင်မည့်ယောဂီများသည် ဧပြီ ၉ရက် ညနေ ၅နာရီအရောက် သာသနာ့နုဂ္ဂဟအဖွဲ့ ဖုန်း-၀၅၆-၂၁၅၇၈သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီစည်းဝေး ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ရှင်းလင်းတင်ပြ

ရန်ကုန် မတ် ၂၃

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ပရိဘောဂဖြည့်တင်းရေး ဆပ်ကော်မတီတို့မှဥက္ကဋ္ဌများနှင့်တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

အကြံပြုတင်ပြ

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြကြပြီး အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ တရားရုံးများ တရားရုံးချုပ်တရားသူကြီးဦးခင်မြင့် စစ်ဆေး

ရန်ကုန် မတ် ၂၃

တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်သည် တရားရုံးချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တရားသူကြီးများ လိုက်ပါလျက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ တရားရုံးများအား မတ်၁၆ရက်မှ ၁၉ရက်အထိ သွားရောက်စစ်ဆေးခဲ့သည်။

တရားရုံးချုပ် တရားသူကြီးသည် မော်လမြိုင်၊ ဘားအံနှင့် သထုံမြို့များတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ တရားစီရင်ရေးနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် တရားစွဲ အဖွဲ့အစည်းများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များနှင့်တွေ့ဆုံ၍ ဇန်နဝါရီ၁၇ရက်က နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မိန့်ကြားသည့် ဩဝါဒ အမှာစကားများကို ရှင်းလင်းဆွေးနွေးခြင်း၊ တရား စီရင်ရေးမဏ္ဍိုင် ခိုင်မာမြဲမြံရေး၊ မှုခင်းများ လျင်မြန်စွာ စစ်ဆေးပြီးပြတ်စေရေး၊ ဂုဏ်သိက္ခာနှင့်စွမ်းရည်ရှိသော အဖွဲ့အစည်းဖြစ်ရေး၊ အတွေးအခေါ်မှန်ကန်စေရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ ခြိုးခြံ ချွေတာရေး၊ စည်းကမ်းကောင်းမွန်ရေး စသည်တို့ကို ဆွေးနွေးမှာကြားသည်။ တရားရုံးချုပ် တရားသူကြီးသည် ခရီးစဉ်အတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တရားရုံးများ၊ မော်လမြိုင်၊ ဘားအံ၊ သထုံခရိုင်နှင့် မြို့နယ်တရားရုံးများ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ် တရားရုံးများ၏ တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်မှု ကိစ္စများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ် ၅၂နေ ဦးတင်ဝင်း- ဒေါ်လှစိန် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် အလှူငွေကျပ် ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်တင် သို့ လာရောက်ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စာအုပ်ဈေးပွဲတော် အထူးနှုန်းဖြင့်ရောင်းချ

ရန်ကုန် မတ် ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ငါးထောင်ကျော် လာရောက်လေ့လာ ဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ်ရှစ်သိန်းဖိုးခန့်ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ ရက်အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရှားပါးစာအုပ်များအပါအဝင် သုတ၊ ရသ စာအုပ်များကို အထူးလျှော့နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းတွင် ပြသရောင်းချလျက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)တို့ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

■ *တပ်မတော်သမိုင်းမှ*

စာအုပ်ဈေးပွဲတော် ဖြစ်သည်။ ရည်ရွယ်ချက်ကား နိုင်ငံတော်နှင့် စာဖတ်ပရိသတ်အကျိုးဖြစ်ထွန်းစေမည့် စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ပရိသတ်များ တစ်နေရာတည်းတွင် စိတ်တိုင်းကျ ဝယ်ယူနိုင်ရေးနှင့် အဖိုးတန်ရှားပါးစာအုပ်များ လှိုင်လှိုင်ထွက်ပေါ်ရေးတို့ဖြစ်သည်။

"အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဟူသော ဆောင်ပုဒ်သည် စာပေဗိမာန်၏ ကြွေးကြော်သံဖြစ်သည်။ ယင်းကြွေးကြော်သံနှင့်အညီ စာပေဗိမာန်သည် ပြည်သူ့အကျိုးပြုစာပေများကို တစိုက်မတ်မတ် ထုတ်ဝေလျက်ရှိသည်။

ယခုလည်း အကျိုးပြုစာပေများ ပြည်သူများအကြား များများပျံ့နှံ့ရောက်ရှိစေရေးအတွက် စာအုပ်ဈေးပွဲတော်ကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပနေခြင်းဖြစ်သည်။

မတ် ၂၂ ရက်က စာအုပ်ဈေးပွဲတော်သို့ မြန်မာ့အလင်းစာတည်းအဖွဲ့ ရောက်ရှိသွားသည်။ ပွဲတော်အတွင်းသို့ဝင်လိုက်မိသည်နှင့် ပန်းပေါင်းစုံပေါသည့် စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးအတွင်းသို့ရောက်သွားသည့်နှယ် ခံစားရသည်။ ရဂုံအတွင်းဝယ် ဖြူ၊နီ၊ဝါ၊ပြာ ရောင်မျိုးစုံဖြာသည့် ပန်းပေါင်းစုံကို လည်းတွေ့ရမည်။ ကျေးငှက်သာရကာတို့၏ တီတီတာတာ တွန်ကျူးသံကိုလည်းကြားရမည်။ မွှေးလွန်းကြိုင်လွန်းလှသည့် ပန်းရနံ့တို့လည်း သင်းပျံ့နေမည်။ကြာမျိုးစုံသည့် စိမ်းလဲ့လဲ့ ကြည်ပြာပြာ ရေကန်သာလည်း ရှိမည်။ စိမ်းလဲ့ကန်သာ ကျေးငှက်သာရကာနှင့် ရောင်စုံဖြာသည့်ပန်းမျိုးစုံကြောင့် စုံတောမြိုင်သည် အေးမြငြိမ်းချမ်းသာယာနေဘိသကဲ့သို့ စာအုပ်ဈေးပွဲတော်တွင်လည်း သုတ၊ ရသ၊ ဘာသာဗေဒ၊ ရာဇဝင်၊ ဗုဒ္ဓဝင်၊ ဂန္ထဝင် စသည်စသည် စာမျိုးစုံကြောင့် ကြည့်၍မဆုံး၊ ဖတ်၍မကုန် စုံလင်လှသည်။

လက်ဆင့်တစ်ကမ်း

"ကျွန်တော်တို့မိသားစုစစ်တက္ကသိုလ် ကျောင်းဆင်းပွဲတက်ရန် ပြင်ဦးလွင်သို့ ရောက်ကြသည်။ သားကြီး တစ်ယောက် နောင်တစ်ခေတ်၏ အောင်စစ်သည်များကို မွေးထုတ်ပေးနေသည့် ကျောင်းတော်ကြီးမှ အောင်ဆုယူပြီးလျှင် ချီလေသည့် တပ်မတော်တွင်တာဝန်ယူရန် အမိန့်နာခံသည်ကို မြင်ဖို့၊ ကြားဖို့သွားကြခြင်းဖြစ်သည်။

ပြည်သူ့တပ်မတော်နှင့် တောတောင်အကြား ချီတက်လှုပ်ရှားမည့် သားမောင်စစ်သည် သွားလေရာတွင် မေတ္တာဆောင်၍ အောင်ပါစေ၊ ပြည်သူ့မေတ္တာကိုခြုံ၍ လုံပါစေသတည်း" ဟု ဆုတောင်းပေးနေသော ပုဂံစာအုပ်တိုက်ထုတ် သားမောင်စစ်သည်သို့ စာအုပ်ကို မြည်းစမ်းကြည့်ရုံဖြင့်

ဦးအေးအား ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သည် ဦးအေးအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

သားမောင်စစ်သည်အပေါ်ထားရှိသော ပြည်ချစ်မိဘမေတ္တာကို ခံစားနားလည်ရမည်။

ဂျပန်ခေတ်စစ်တက္ကသိုလ်

ဂျပန်ခေတ်စစ်တက္ကသိုလ် စာအုပ်တွင်လည်း "ဂျပန်ဆရာများက ကျောင်းသားရဲဘော်များကို အမျိုးမျိုးနှိပ်စက်သည်။ ကျောင်းသားရဲဘော်များ ကြိတ်မှိတ်ကာ သည်းခံကြသည်။ လွတ်လပ်ရေးအတွက် စစ်ပညာတတ်ဖို့လိုသည် မဟုတ်လား။ နှိပ်စက်မှုကြောင့် ရဲဘော်စိတ်သည်ပို၍ တိုးပွားဖွံ့ဖြိုးလာသည်။ အချင်းချင်း ရိုင်းပင်းသည် တစ်ယောက်အတွက် အများက အနစ်နာခံသည်။ အများအတွက် တစ်ယောက်က အနစ်နာခံသည်။ ဤရဲဘော်စိတ်သည် အမျိုးသား စည်းလုံးညီညွတ်ရေး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ခဲ့သည်။ ထိုသို့ ဖတ်ရှုမိသောအခါ မြန်မာ့လွတ်လပ်ရေးအတွက်တပ်မတော်ဟူ၍ ဖြစ်တည်လာရန် တပ်မတော်သားများ မည်မျှ စွန့်လွှတ်အနစ်နာခံခဲ့ရပုံများ၊ ရဲဘော်ရဲဘက်စိတ်ဓာတ်များကို သိရှိလာကာ အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွား တက်ကြွပေါ်ပေါက်လာသည်။

သမိုင်းရှာပုံတော်ခရီး

ကိုလိုနီနယ်ချဲ့ခေတ်က အင်္ဂလိပ်နယ်ချဲ့၏ ခြေလှမ်းကို မြန်မာက လိုက်မမီဘဲဖြစ်နေသည်ကို ဒေါ်ကြည်က ပြက်ပြက်ထင်ထင် ဖော်ပြထားသည်။ မြန်မာတို့သဘောတူညီချက်ဖြင့် မြန်မာ့ပိုင်နက်ထဲသို့ လာရောက်လည်ပတ်သော မက်နီးနှင့် ပရင်ဒါဂတ်လို စစ်ဗိုလ်တွေက မြန်မာ့စစ်အင်အား၊ မြန်မာ့ငွေချောင်းခံတပ်၊ မင်းလှခံတပ်များ၏အနေအထားကို လိမ္မာပါးနပ်စွာ ထောက်လှမ်းသွားသည်ကို မရိပ်စားမိ။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်က တိုက်ခိုက်သောအခါ မြန်မာ့ကာကွယ်ရေး အခြေအနေကို သူတို့ သိသလောက် သိပြီးလေပြီ။

ရေကြောင်းမှ အင်္ဂလိပ် ပြည်သိမ်းတပ်တက်လာသည်ကို မြန်မာဘက်က လေ၊ သမ္ဗန် နှစ်မြုပ်ပိတ်ဆို့ကြပါ၏၊ မအောင်မြင်။ လှေသင်းအတွင်းဝန်က ဦးစီး၍ မြန်မာစစ်သည်များ မြင်းခြံမှနေ၍ ခုခံကြပါ၏၊ မအောင်မြင်။ လက်နက်ချင်း၊ တိုက်ရည်ချင်း မမျှရုံမကသေး၊ သီပေါမင်းကို နန်းချ၍ အင်္ဂလိပ်စိတ်ကြိုက် မြန်မာမင်းသားတစ်ပါးကို နန်းတင်မယောင်ယောင် ကောလာဟလသတင်းဖြန့်က မြန်မာတို့ ခုခံအားလျော့ပါးအောင် ကြံဆောင်သည်။ ထိုအခါ ရွှေဘိုဘက် သီပေါမင်းရှောင်တိမ်းရန်အရေးကို ကင်းဝန်မင်းကြီးက လက်တွေ့ကျကျ မစီမံတတ်၊ နောက်ဆုံးအခြေအနေမှာကား မင်း၊မိဖုရား လက်နက်ချရသောဘဝသို့ ဆိုက်ရောက်တော့သည်။ မြန်မာတို့ မြတ်နိုးလှသော လွတ်လပ်ရေးကား မလိမ့်တစ်ပတ်နှင့် ဆုံးရှုံးခဲ့ရသည့် စိတ်မချမ်းမြေ့ဖွယ်အဖြစ်သနစ်များကို ဒေါ်ကြည်က **သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ**တွင် ဖွင့်ဟပြထားသည်။ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံများကို သမိုင်းသင်ခန်းစာယူပြီး နောင်ဤလိုအဖြစ်မျိုး ထပ်မံမကြုံရစေရန် သတိပေးထားသည်။

ငြိမ်းချမ်းရေးအာမခံချက်

လူမျိုးအချင်းချင်းတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်း (အုပ်စု)အချင်းချင်းတွင်ဖြစ်စေ ငြိမ်းချမ်းရေးရရှိစေရန် မိမိတို့အတွင်းသန္တာန်တွင် ငြိမ်းချမ်းမှုရှိမှ ဖြစ်မည်။ ပုဂ္ဂိုလ်တစ်ဦးစီမှာ ရင်တွင်းငြိမ်းချမ်းမှုရနိုင်သော **ဘဝနေနည်း**ကို လေ့လာသင်ယူမှ ဖြစ်မည်ဟု **ကမ္ဘာ့ဌာန်းခွင် ယနေ့ဝင်စို့** စာအုပ်က သတိပေးထားသည်။

ထေရဝါဒအုတ်မြစ်

လူတို့သည် လောက၏အကျိုးစီးပွားကို တကယ်တမ်းရိုးရိုးသားသား ဆောင်ရွက်ချင်ရိုးမှန်လျှင်"ငါ"ကိုရှေ့တန်းတင်မည်လား။"လောက"ကိုရှေ့တန်းတင်မည်လား။ ဤမေးခွန်းများ၏အဖြေကို မိမိဘာသာမိမိ ဖြေရန်သာဖြစ်ပါ၏။ ဤမေးခွန်း၏အဖြေများအပေါ်တွင် **"ထေရဝါဒအုတ်မြစ်ခိုင်မှု"**သည် အတိုင်းအဆမရှိ တည်ပါ၏ဟု ဦးရွှေအောင်က ထေရဝါဒအုတ်မြစ် စာအုပ်တွင် တိတိလင်းလင်း ဖွင့်ဆိုထားသည်။

ဖော်ပြပါတို့မှာ အချိန်ရခိုက် စာအုပ်ဈေးပွဲတော်၌ လေ့လာဖတ်ရှုမိသော စာအုပ်အချို့မှဖြစ်သည်။ အခြားစာအုပ်ကောင်းများလည်း ရှိသေးသည်။ အဟောင်းထဲမှ စာအုပ်ကောင်းများကလည်း များလှသည်။ နာမည်ကြီးစာပေတိုက်များနှင့် စာအုပ်ဖြန့်ချိရေးလုပ်ငန်းများမှ ဆိုင်ပေါင်း ၄၀ ခန့် ပါဝင်ပြသရောင်းချနေရာ ဝယ်ချင်စရာစာအုပ်များချည်း ဖြစ်တော့သည်။

ကုန်စည်ပြပွဲနှင့် စာအုပ်ဈေးပွဲတော်သည် ဈေးရောင်းတာချင်းလည်းတူသည်။ လူအများ သုံးစွဲစေလိုခြင်းလည်းတူသည်။ သို့သော်အကျိုးရှိပုံချင်းကတော့ကွာခြားလှသည်။ စာပေသည် အလင်းရောင်၊ လောကအမိုက်မှောင်ကိုဖြိုခွင်းသည်။ အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားပေးသည်။ စာပေသည် ဖုံးထားသောအိုး၊ ပိတ်ထားသောတံခါးကို ဖွင့်ပေးလိုက်သကဲ့ သို့ထင်ရှားပြတ်သားစေသည်။ တီထွင် ဖန်တီးသူ၏ ပညာဉာဏ်ရင့်သန်သည်နှင့်အမျှ လူသားအကျိုးနှင့်လောကကောင်းကျိုးကို ကျေးဇူးပြုသည်။ တစ်ဘဝသာမက သံသရာအထိပါ အကျိုးပေးသည်။

ထို့ကြောင့်ပင် စာအုပ်ဈေးပွဲတော်ကား အခြားဈေးပွဲတော်များနှင့်မတူ ထူးထူးခြားခြား ကျေးဇူးကြီးမားလှသဖြင့် ရောင်းချသင့်သော ဈေးပွဲတော်ဖြစ်သည်။

စာအုပ်ဈေးပွဲတော်မှ အထူးနှုန်းဖြင့်ရောင်းချပေးသည်နှင့်အမျှ ပြည်သူ့အကျိုးပြုစာပေများ ပြည်သူများအကြား များများ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်သည်။

အမှောင်ခွင်း၍ အလင်းဆောင်မည့်ပြည်သူ့အကျိုးပြုစာပေများများ ထွက်ပေါ်ရေးစာအုပ်ဈေးပွဲတော်ကြီးအားမြန်မာ့အလင်းမှအစဉ်အမြဲ ကြိုဆိုနေမည်သာဖြစ်ပါသည်။ ။

(မြန်မာ့အလင်း)

● *ကျော်ဖုံးမှ*

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးမှတာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်းရီ၊ နိုင်ငံတော်ကောင်စီ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာရှုရှောင်ရှီ၊ တရုတ်ပို့ကုန်/သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာယန်ဇီလင်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာရှောင်ချီဝေနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။

(သတင်းစဉ်)

မီး သတိပြု

“အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့”

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ၂၄-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)

အချိန်။ ၁၄း၃၀ နာရီ

နေရာ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ

ဖုန်း-၀၃၁-၂၅၁၇၈၊၀၉၈၀-၃၂၉၆၈။

တင်းနစ်ပြိုင်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၏ ခရမ်းမြို့တင်းနစ်ကွင်း တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် လူငယ်(Junior) တင်းနစ်ပြိုင်ပွဲ ကျင်းပစဉ်။

(တင်းနစ်အဖွဲ့ချုပ်)

လူငယ်(Junior)တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ခရမ်းမြို့၌ တင်းနစ်ကွင်းသစ်တစ်ကွင်းကို ၂၀၀၃ ခုနှစ် မတ် ၂၁ ရက်တွင် ဖွင့်လှစ်ပေးရာ အဆိုပါကွင်းသစ် တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် လူငယ်(Junior) တင်းနစ်ပြိုင်ပွဲကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် မတ် ၂၁ ရက်တွင်ကျင်းပရာ ဗိုလ်လုပွဲသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊အမှုဆောင် ဗိုလ်မှူးတင်စောနိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်

ပြိုင်ပွဲတွင် ပထမဆုကို နောင်စစ်သူဇော်၊ ဒုတိယဆုကို ကျော်ဝဏ္ဏသက်လွင်၊ တတိယဆုကို သီဟဆွေ၊ နှစ်သိမ့်ဆုကို မျိုးဇေယျာဆွေတို့ရရှိကြပြီး ဆုများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင် ဗိုလ်မှူးတင်စောနိုင်တို့က ချီးမြှင့်ကြသည်။ ပထမဆုရရှိသော နောင်စစ်သူဇော်နှင့် ဒုတိယဆုရရှိသော ကျော်ဝဏ္ဏသက်လွင်တို့အား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေသားဆုများကို သီးသန့်ချီးမြှင့်သည်။ ပြိုင်ပွဲအပြီးတစ်နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး၊ လူကြီးအားကစားသမား ၂၀နှင့်လူငယ်အားကစားသမား ၂၀ တို့ ကစားရန် လိုအပ်သော နောက်ထပ်ကွင်းသစ်တစ်ကွင်း ဖြစ်မြောက်ရန်အတွက် မတည်ငွေကျပ်ငါးသိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါ်ပိုတောက်မိုး ၁၂/ ပဇတ(နိုင်)၀၀၂၁၈၃ သိစေရန်
၁၈-၃-၂၀၀၄ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာပါ
သတိပေးကြေညာချက်အပေါ်ပြန်လည်ရှင်းလင်းသတိပေးချက်

ရန်ကုန်မြို့ Y.C.D.C ရန်ကင်းစင်တာ အခန်းအမှတ်(၃၀၄)နေ ဒေါ်အေးအေးသန်း ၁၂/ရကန(နိုင်)၀၅၅၅၇၂ ၏လွှဲအပ်ညွှန်ကြားချက်အရ ၁၈-၃-၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ သတိပေးကြေညာချက်ကို အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးအပ်ပါသည်။

ဒေါ်ပိုတောက်မိုးသည် ဒေါ်အေးအေးသန်းထံမှ မည်သည့်အချိန်ကမျှ မည်သည့်ငွေတစ်စုံတစ်ရာကိုမျှ အပ်နှံထားခဲ့ခြင်း အလျှင်းမရှိပါ။ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်ဆိုသည်မှာလည်း ဥပဒေနှင့်ဆန့်ကျင်လျက်ရှိကြောင်း သိရပါသည်။ သို့ပါ၍ မမှန်မကန်ဖော်ပြထားသော အဆိုပါသတိပေးကြေညာချက်အား ဤကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုပါသည်။ သို့မဟုတ်ပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဟန်	**ဦးမြအေးသွင်**	**ဒေါ်ခင်ခင်ထွေး**
B.A(Law).,LL.B	**B.A,R.L,D.E.P,D.B.L**	**LL.B**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ် ၂၈(မြေညီထပ်)၊ ၂၇လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မြဝတီရုပ်မြင်သံကြား

၂၄-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measure of Disprision and Further of Despription (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ရမှုနေပျော်မှာ”**(အပိုင်း-၁) **ဒါရိုက်တာ-**တင်သန်းဦး **သရုပ်ဆောင်**-ဒွေး၊ စုလှိုင်နှင်း
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **ပြည်သူ့တရားရှင်**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မြန်မာဘော်လီဘောအားကစားတိုးတက်ရေး ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ ပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၂၃

မြန်မာဘော်လီဘော အားကစားတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ဘော်လီဘောဆိုင်ရာပုဂ္ဂိုလ်များကို မြန်မာ့ဘော်လီဘော အားကစားသမားကြီးများက ပူဇော်ကန်တော့ခြင်း အခမ်းအနားကို ဧပြီ ၃ရက်(စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ အားကစားကာယပညာသိပ္ပံ သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာဘော်လီဘော အားကစားနယ်ပယ်၌ ဦးဆောင်ပါဝင်ကစားခဲ့ကြသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၌ တာဝန်ယူဆောင်ရွက်ခဲ့ကြသူများ၊ သက်ကြီးဝါကြီး နည်းပြဆရာများအားပူဇော်ပွဲကျင်းပပြီး ဘော်လီဘောအားကစားမောင်မယ်ဟောင်းများနှင့်တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ရန်အတွက် စီစဉ်ထားသည်။

ယင်းအခမ်းအနား ကျင်းပရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဘော်လီဘော အားကစားသမားဟောင်းများ မည်သူမဆိုဆက်သွယ်နိုင်ကြပြီး လှူဒါန်းလိုသူများ ငွေနှင့်ပစ္စည်းလှူဒါန်းနိုင်ကြောင်း နိုးဆော်ထားသည်။

ဆက်သွယ်ရန် ပုဂ္ဂိုလ်များမှာ ဦးတင်လှိုင် ဖုန်း-၀၁-၂၀၁၅၉၂၊ ဦးမြင့်သိန်း ဖုန်း-၀၁-၆၆၇၀၀၁၊ ဦးအုန်းရှိန် ဖုန်း-၀၉-၅၀၀-၄၈၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၁-၇၂၆၆၄၉၊ ဦးအောင်ခင် ဖုန်း-၀၁-၅၆၅၁၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘောဇဘောလုံးအသင်း အဆင့်မြင့်တန်းတက်ရောက်နိုင် အောင်မြင်မှုရရှိရေး ရည်မှန်းချက်ထားယှဉ်ပြိုင်မည်

သတင်းဆောင်းပါး–ကိုထွေး
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လာမည့် အဆင့်မြင့်တန်းပြိုင်ပွဲတွင် တံခွန် အသင်းနှင့် ကမ္ဘောဇအသင်းတို့ ပေါင်းစပ် ညှိနှိုင်း ယှဉ်ပြိုင်မည်။

(ဦးစိန်မျိုးမြင့် အမှုဆောင် အရာရှိချုပ် ကမ္ဘောဇအသင်း)
(ဓာတ်ပုံ–တင်စိုး မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ မတ် ၁၁ရက်က ပြီးဆုံးသွားရာ ကမ္ဘောဇ ဘောလုံး အသင်းက ရှုံးပွဲမရှိ အမှတ် ၃၀ဖြင့် ပထမရရှိပြီး လယ်ယာ/ထွက်ကုန်ဘောလုံးအသင်းက ၂၈မှတ်ဖြင့် ဒုတိယရရှိကာ အဆင့်မြင့်တန်းသို့ တက်ရောက် ယှဉ်ပြိုင်ခွင့်ရရှိသွားကြသည်။

ကမ္ဘောဇအသင်းပထမ

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ကမ္ဘောဇအသင်းသည် ၁၂ပွဲကစား ကိုးပွဲနိုင်၊ သုံးပွဲသရေ အမှတ် ၃၀ရရှိပြီး ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။ကမ္ဘောဇအသင်းသည် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ စက်မှု(၁) အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ငွေဇုန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ လယ်ယာ/ထွက်ကုန်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ကြယ်ပွင့်လေးများ (က)အသင်းကို ငါးဂိုး–သုံးဂိုး၊ အားကစားဝန်ကြီး ဌာနအသင်းကို သုံးဂိုး–တစ်ဂိုး၊တပ်မတော်(ကြည်း) (ခ)အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ကကနက်အသင်းကို သုံးဂိုး–ဂိုး မရှိ၊ ရထားပို့ဆောင်ရေးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တစ်ဦးတည်း၁၀ဂိုးသွင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် တစ်ဂိုးစီသရေ၊ တပ်မတော်(လေ) အသင်းနှင့် နှစ်ဂိုးစီသရေ ကျခဲ့သည်။ ကမ္ဘောဇအသင်းသည် စုစုပေါင်း ၁၂ပွဲကစားရာတွင် ၂၉ဂိုးသွင်းပြီး ၁၀ဂိုးသာ အသွင်း ခံခဲ့ရသည်။ ဘောလုံးသမား ၂၄ဦး ထည့်သွင်းကစားခဲ့ရာ သွင်းဂိုး ၂၉ဂိုးအနက် နိုင်နိုင်လင်းတစ်ဦးတည်း ၁၀ဂိုး သွင်းယူပေးခဲ့သည်။

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီး လာမည့် ဘောလုံးရာသီ၌ အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိထားသော ကမ္ဘောဇအသင်း၏ ရှေ့ဆက်ဆောင်ရွက် သွားမည့်အခြေအနေနှင့် ပတ်သက်၍ သိရှိနိုင်ရန် ကျိုက္ကဆံ အားကစားကွင်းရှိ ကမ္ဘောဇဘောလုံးအသင်း လေ့ကျင့်ရေးကွင်းသို့ သွားရောက်၍ ကမ္ဘောဇအသင်း၏ အမှုဆောင် အရာရှိချုပ် ဦးစိန်မျိုးမြင့်နှင့် တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

တံခွန်နှင့်ကမ္ဘောဇအသင်းပေါင်းစပ်

ပထမဦးစွာ ကမ္ဘောဇအသင်း၏ အဆင့်မြင့် တန်း၌ ပြိုင်ပွဲဝင်သွားရန် စီစဉ်ထားမှုအခြေအနေကို မေးမြန်းရာ အမှုဆောင်အရာရှိချုပ် ဦးစိန်မျိုးမြင့်က "လောလောဆယ် ကမ္ဘောဇအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ ဦးဝေယံအောင်တို့နှင့် အသေးစိတ် ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ တံခွန်အသင်းနှင့်ကမ္ဘောဇအသင်းကို ညီနောင်အသင်းဟု ပြောခဲ့သော်လည်း ယခုလို အဆင့်မြင့်တန်းသို့ တက်ရောက်လာသည့်အခါ ရည်ရွယ်ချက် ချင်းမတူညီကြောင်း၊

ကမ္ဘောဇဘောလုံးအသင်းမှ ဘောလုံးသမားများ လေ့ကျင့်စဉ်။
(ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တံခွန်အသင်းက လူငယ်မျိုးဆက်သစ်များ မွေးထုတ်ရေးကို ရည်ရွယ်ပြီး ကမ္ဘောဇအသင်းက အောင်မြင်မှုရရှိရေးကို အဓိက ရည်ရွယ်ထားကြောင်း၊ လာမည့် အဆင့်မြင့်တန်းပြိုင်ပွဲ၌ တံခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ပေါင်းစပ် ညှိနှိုင်း၍ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘောဇအသင်း၌ အားကစားသမားများ ထပ်မံခေါ်ယူ အင်အားဖြည့်တင်းမှုသည် ကမ္ဘောဇဘဏ်မှ အုပ်ချုပ်မှုအဖွဲ့နှင့်သာ အဓိကသက်ဆိုင်ကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဇအသင်းကို နည်းစနစ်ပိုင်းနှင့် အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ကမ္ဘောဇအသင်းမှ အားကစားသမားများမှာ ငယ်ရွယ်ကြကြောင်း၊ တံခွန်အသင်းမှ အားကစားသမားများကို ခွဲဝေပေးရန်မှာ မဖြစ်နိုင်ကြောင်း၊ အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲပြီးမှသာ အသေးစိတ် ပြောနိုင်မှာဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ရွေးချယ်ယှဉ်ပြိုင်

ဆက်လက်၍ ကမ္ဘောဇအသင်းဖွဲ့စည်းတည်ထောင်ခဲ့မှုနှင့် အဆင့်ဆင့် တက်လှမ်းအောင်မြင်လာမှုကို မေးမြန်းရာတွင် "ဤနေရာ၌ အလျဉ်းသင့်၍ ပြောရလျှင် တံခွန်အသင်းကို တည်ထောင်ပြီး ပြိုင်ပွဲဝင်စဉ်က ပထမတန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့် လျှောက်ထားခဲ့သော်လည်း ဒုတိယတန်းမှသာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း၊ ဒုတိယတန်းပြိုင်ပွဲတွင် ဒုတိယရရှိသဖြင့် နှစ်ဝက်ဖြင့် ပထမတန်းကို တက်ရောက်ကစားခဲ့ကြောင်း၊ တံခွန်အသင်းအနေဖြင့် ပထမတန်းကို တစ်နှစ်ခွဲနှင့် တက်ရောက်နိုင်ခဲ့ကြောင်း။

ကမ္ဘောဇအသင်းကို စတင်ပြိုင်ပွဲဝင်ရန် စီစဉ်သည့်အခါ အားကစားသမားများ၏ ငယ်ရွယ်ပြီး အတွေ့အကြုံ အားနည်းမှုအရ ဒုတိယတန်းမှသာ စပြိုင်ခွင့်ပေးရန် လျှောက်ထားခဲ့ကြောင်း၊ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပထမတန်းမှ စပြိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ပထမတန်း၌ စပြိုင်သည့်နှစ်တွင် တတိယသာ ရရှိသဖြင့် အဆင့်မြင့်သို့ တက်ရောက်ခွင့် မရခဲ့ကြောင်း၊ မလိခနှင့် သတ္တုတွင်းတို့ အဆင့်မြင့်တန်း တက်ရောက်သွားကြကြောင်း၊ ကမ္ဘောဇအသင်းကို တည်ထောင်စဉ်က အဆင့်မြင့်တန်းသို့ တက်ရောက်နိုင်ရေးအတွက် လေးနှစ်စီမံကိန်း ချမှတ်ခဲ့ကြောင်း၊ သို့သော် နှစ်နှစ်ဖြင့် အဆင့်မြင့်တန်းသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊ ကမ္ဘောဇဘောလုံးအသင်းကို ၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီ၌ မှတ်ပုံတင်ခဲ့ကြောင်း၊ မတ်လ၌ ဖွဲ့စည်းပြီး ဇွန်လ၌စတင် ယှဉ်ပြိုင်ကစားခဲ့ကြောင်း၊ ကမ္ဘောဇအသင်းသို့ လာရောက် ဆက်သွယ်လာသည့် လူ ၂၀၀ ကျော်ထဲမှ အားကစားသမား များ ရွေးချယ်၍ ယှဉ်ပြိုင်ခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

လာရောက်လေ့ကျင့်

ကမ္ဘောဘောလုံးအသင်း ရေရှည်အောင်မြင်မှု ရရှိရေးအတွက် ရေရှည်စီမံချက် ချမှတ်လုပ်ဆောင် သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ အမှုဆောင် အရာရှိချုပ် ဦးစိန်မျိုးမြင့်က ပြောကြားရာတွင် "ကမ္ဘောဇအသင်းနှင့် တံခွန်အသင်းတို့ အဆင့်မြင့်တန်း၌ ပြိုင်တူ ပြိုင်ပွဲဝင်ရမည်ဖြစ်၍ နည်းပြပိုင်း သီးသန့်ထားရှိရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်တန်းသို့ တက်ရောက်လာသဖြင့် သင့်လျော်မည့် နည်းပြဆရာတစ်ဦးကို ထပ်မံတာဝန်ပေးရန် အစီအစဉ် ရှိကြောင်း၊ ရေရှည်အောင်မြင်မှု ရရှိရေးအတွက် လူငယ်မျိုးဆက်သစ်များကိုလည်း တွဲဖက်လေ့ကျင့် ပေးလျက်ရှိကြောင်း၊ တံခွန်အသင်းကိုအားကစားသမားများ ဖြည့်တင်းပေးနိုင်ရန် ကမ္ဘောဇအသင်းကို တည်ထောင်ခဲ့ကြောင်း၊ ယခုအခါ ကမ္ဘောဇအသင်းကလည်း အဆင့်မြင့်တန်း တက်လာပြီဖြစ်၍ တံခွန်အသင်းနှင့် ကမ္ဘောဇအသင်းကို အားကစားသမားများ ဖြည့်တင်းပေးနိုင်ရန် အသင်းတစ်သင်း ထပ်မံဖွဲ့စည်းမည်ဖြစ်ကြောင်း၊လောလောဆယ်ကမ္ဘောဇအသင်းမှ အားကစားသမားများကို တံခွန်အသင်းနှင့်အတူ စခန်းဝင်နေထိုင်စေလျက်ရှိကြောင်း၊ နောက်ပိုင်းတွင် ကမ္ဘောဇအသင်းကို သီးသန့်ထားရှိပြီး လေ့ကျင့်ရေးကွင်းကိုလည်း သီးသန့်ထားရှိရန် စီစဉ်ထားကြောင်း၊ အဆင့်မြင့် တန်းသို့ တက်ရောက်လာပြီဖြစ်၍ အဆင့်မြင့်တန်း အဆင့်နှင့် လျော်ညီစွာ လစာနှင့်ပံ့ပိုးမှုများပေးမည်ဖြစ်ကြောင်း၊ ကမ္ဘောဇအသင်းတွင် အလားအလာရှိသော လူငယ်များ ပါဝင်လျက်ရှိကြောင်း၊ ခြောက်ပွင့်ဆိုင် လူငယ်ဘောလုံးပြိုင်ပွဲမှ ရွေးထုတ်ထားသည့် လူငယ်လက်ရွေးစင် အသင်းနှင့် အောင်ဆန်းကွင်း၌ ခြေစမ်းကစားခဲ့ရာ ကမ္ဘောဇအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်ကို ကြည့်လျှင် သိနိုင်ကြောင်း၊ ပြိုင်ပွဲရှိပါက တနင်္ဂနွေနေ့ပါ မနားဘဲ လေ့ကျင့်ပေးကြောင်း၊ ပုံမှန်အားဖြင့် တနင်္ဂနွေနားပြီး တစ်ပတ်ခြောက်ရက် လေ့ကျင့်လျက်ရှိကြောင်း၊ တံခွန်အသင်းက နံနက်ပိုင်း လေ့ကျင့်ပြီး ကမ္ဘောဇအသင်းက ညနေပိုင်း၌ လေ့ကျင့်ကြောင်း၊ နယ်မှ ကစားသမားများကို ကျိုက္ကဆံအားကစားကွင်း အနီးရှိ အဆောင်၌ ထားရှိပြီး နေထိုင်ရေး၊ စားသောက်ရေး အစစအရာရာ တာဝန်ယူထားကြောင်း၊ ရန်ကုန်မှ ကစားသမားများကို လိုအပ်သည့် အင်အားဖြည့် အာဟာရများ ကျွေးမွေးကြောင်း၊ ယခုအခါ နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ကိုးတန်း၊ ၁၀တန်း ကလေးများ လာရောက်၍ လေ့ကျင့်လျက်ရှိရာ လူ ၂၀ခန့် ရှိကြောင်း၊ မည်သူမဆို လာရောက်လေ့ကျင့်ပါက လက်ခံကြောင်း၊ သို့သော် ကလေးများကို ဖြစ်နိုင် မဖြစ်နိုင် သုံးသပ်ပြီး ဖြစ်နိုင်သူများကိုသာ ဆက်လက် လေ့ကျင့်ပေးကြောင်း၊ စည်းကမ်းမလိုက်နာသော ကလေးများကို လက်ခံလေ့ကျင့်ပေးခြင်းမရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသွားသော ကမ္ဘောဇဘောလုံး အသင်း၏ နာယကများအဖြစ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဦးအောင်ကိုဝင်းတို့က ဦးဆောင်ပါဝင်ကြသည်။ အုပ်ချုပ်မှု အဖွဲ့၌ ဦးဇော်ဝင်းနိုင်၊ ဦးဝေယံအောင်၊ ဗိုလ်မှူးတင်စောနိုင်၊ ဦးထွန်းထွန်းလင်းနှင့် ဦးစိန်မျိုးမြင့်တို့ ပါဝင်ကြသည်။ နည်းပြအဖွဲ့တွင် ဦးကြီးလှတင်၊ ဦးဝင်းမောင်၊ ဦးသိန်းထွန်းသိန်း၊ ဦးအောင်သက်၊ ဦးဝင်းတင်၊ ဦးလှငွေ၊ ဦးခင်မောင်ရွှေ၊ ဦးတင်ရွှေနှင့် ဦးငွေးမြင့်တို့ ပါဝင်ကြသည်။

ပါဝင်ကစားသူများ

အားကစားသမားများအဖြစ်(ဂိုး) ရဲလင်းအောင်၊ သန်းဇော်ဝင်း၊ (နောက်တန်း) ကျော်သူဦး၊ ထွန်းထွန်း၊ စိုင်းဆမ်လှိုင်၊ ဝင်းမင်းထိုက်၊ နေမျိုးကျော်၊ ဟိန်းမင်းလတ်၊ မင်းဇော်၊ မင်းမင်းထွန်း၊ (အလယ်တန်း) တေဇာဝင်း၊ နိုင်လင်းထက်၊ တင့်ဇော်ထိုက်၊ အောင်ကျော်မိုး၊ ဆန်းကျော်ထူး၊ ဟန်ထွန်း၊ ခိုင်မင်းထွန်း၊ ထွန်းဝင်းအောင်၊ ဇင်မျိုးအောင်၊ အာကာဇော်၊ (ရှေ့တန်း)နိုင်နိုင်လင်း၊ ကျော်ဇောလွင်၊ အောင်အောင်နှင့် ကျော်မင်းထွန်းတို့ ပါဝင်ကစားခဲ့ကြသည်။

ကမ္ဘောဇ ဘောလုံးအသင်းသည် ၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီမှ စတင်၍ ပထမတန်းပြိုင်ပွဲ၌ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကွင်းဖွင့်ဖလားပွဲ တွင် ကွာတားဖိုင်နယ်၊အမှတ်ပေးပြိုင်ပွဲတွင် တတိယ၊ ရှုံးထွက်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘောဇဘောလုံးအသင်းမှ နည်းပြနှင့် အားကစားသမားများကို တွေ့ရစဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စာပေဟောပြောပွဲကျင်းပ

ပျဉ်းမနား မတ် ၁၄

ပျဉ်းမနားမြို့နယ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် မြန်မာစာ ဂုဏ်ထူးရှင်များတို့အား ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ရဲရင့်ရပ်ရှင်ရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးတင်ဝင်း (တင်ဝင်းခိုင်) နှင့် အတွင်းရေးမှူး ဦးထိန်လင်းဦး (လှျမ်းချစ်) တို့က စာဆိုတော်နေ့နှင့် ပတ်သက်၍ အမှာစကားပြောကြားကြပြီး စာပေပြိုင်ပွဲဆုရသူများနှင့် မြန်မာစာ ဂုဏ်ထူးရှင် ကိုးဦးတို့အား ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် စာရေးဆရာများဖြစ်ကြသည့် ချစ်နိုင် (စိတ်ပညာ)၊ ဒေါက်တာခင်မောင်ညိုနှင့်လယ်တွင်းသား စောချစ်တို့က အသီးသီးဟောပြောကြကြောင်း သိရသည်။ **(၁၀၁)**

မတ် ၁၅ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူများ ပူးပေါင်းဖောက်လုပ်သည့် တောင်ရိုးကွင်း-ရှားစီးဘို-ဘန့်သွေးကုန်း ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်ပွဲကျင်းပရာ ဇေယျာသုခကျောင်း ဆရာတော်ဘဒ္ဒန္တပညာဝံသ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဦးခိုင်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၄၀)

ဇလွန်စည်ပင်သာယာကျေးလက်လမ်းခင်း

ဇလွန် မတ် ၁၀

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကော့ကပ်ကျေး လက်လမ်းကို အဖွဲ့အင်ဂျင်နီယာများက သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လုပ်ငန်းခွင်အတွင်း အချိန်ပြည့် ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရိုးကြီးကျေးရွာအထိ ပေ ၉၈၀၀ ကျောက်စီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်လတ်မြို့ ဈေးများစုပေါင်း၍ မီးသတ်စက်နှင့် မီးသတ်ပိုက်များလှူဒါန်း

ကျိုက်လတ် မတ် ၁၆

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကာကွယ်ရေးအတွက်ဈေးကော်မတီကဦးဆောင်၍ ဈေးသူဈေးသားများ စုပေါင်းလှူဒါန်းသော မီးသတ်စက်နှင့် မီးသတ်ပိုက်များ လှူဒါန်းပွဲကို မတ် ၁၄ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးခန်းမတွင် ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဈေးကော်မတီနာယက ဦးစိန်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က အမှာစကား ပြောကြားကြပြီး ဈေးကော်မတီနာယက ဦးမြင့်ကြည်နှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ချိုတို့က မီးသတ်စက်နှင့်မီးသတ်ပိုက်များကို အမှုဆောင်အရာရှိ ဦးမြင့်မောင်သို့ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါမီးသတ်စက်နှင့် မီးသတ်ပိုက်များမှာ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးကျပ် ၃၀၀၀၀၀ ဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အာမခံလုပ်ငန်း သရက်ခရိုင်ရုံး အဆောက်အအုံသစ်ဖွင့်

သရက် မတ် ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သရက်ခရိုင်ရုံး၊ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၁၉ရက်က သရက်မြို့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားကို ခရိုင်ရုံး အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်နှင့်သရက်ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီး မောင်မောင်စန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးက လက်ရှိ နယ်မြေအတွင်း ထိရောက်စွာဆောင်ရွက်ပေးသည့် အာမခံလုပ်ငန်း အဆောက်အအုံသစ်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

မြန်မာ့အသံ

၂၅-၂-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (နောင်မွန်မှ ပျားလိမ္မော်)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)တပ်မတော်သမိုင်း(အဋ္ဌမတွဲ) (စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး) (၂)ကမ္ဘာပတ်လည်ရက်ရှစ်ဆယ် (မောင်သိန်းလွင်ပြန်ဆိုသည်)

၁၂:၀၀ စံတော်ချိန် သိပ္ပံပညာသိကောင်းစရာ (မအိုမနာသက်တမ်းရှည်ဖို့ အယူအဆများ)

၁၂:၃၀ အစာနှင့် အာဟာရ(ငါးမြစ်ချင်း)

၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ (ဒုတိယပိုင်း) (မောင်ဆုရှင်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၈:၁၅ ဆွေးနွေးခန်း (သံလွင်တံတား-မော်လမြိုင်တည်ဆောက်ရေးစီမံကိန်း)(အပိုင်း-၂)

၁၉:၁၅ တပ်မတော်နေ့ဂုဏ်ပြု ဓာတ်လမ်းပမာ (လေးစားပါတယ်ရဲဘော်)

၂၀:၃၀ သီဟာသူရ သိန်းထွန်းတင်နှင့် ဆွေးနွေးခန်း

အချိန်တိုအတွင်း မှုခင်းဖော်ထုတ်နိုင်သော တီးတိန်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

တီးတိန် မတ် ၁၅

တီးတိန်မြို့နယ်ဥက္ကဋ္ဌက အချိန်တိုအတွင်း မှုခင်းဖော်ထုတ်နိုင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုင်းမောင်လူနှင့် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမြင့်ဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ပိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

မွင့်လှစ်

ဖေဖော်ဝါရီ ၁၀ရက်က အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်စက်ရေတွင်းကို သပြေကွင်းကျေးရွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် မြို့နယ်ဆရာဝန် ဦးကိုကိုမောင်တို့က ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စက်ရေတွင်းနှင့်သောက်သုံးရေကန် ဖြူးမြို့၌ဖွင့်

ဖြူး မတ် ၂၂

(၅၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော စက်ရေတွင်းနှင့် ရေကန်ဖွင့်ပွဲ အခမ်းအနားကို မတ်၁၉ရက်က ဘူတာတောင်ရပ်ကွက်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စက်ရေတွင်းနှင့်သောက်သုံးရေကန်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးစိုးညွှန့်နှင့် မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၁၂ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တန်းမြို့ပေါ် ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ဆင်ကန်အတွင်းမှ ရေအား ကလိုရင်းဆေးခတ်ခြင်းနှင့်ဓာတ်သတ္တုများ မပါဝင်စေရေးအတွက် ရေစစ်ကန် စနစ်အသုံးပြုခြင်းတို့ကို ကွင်းဆင်းစစ်ဆေးရာ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့က လိုက်လံရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

ကျွန်ုပ်တို့ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း စားသောက်ကုန်နှင့် အချိုရည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဦးဆောင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ထုတ်လုပ်ရေးနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါ၍ အရည်အချင်းပြည့်စုံသူများကို အောက်ပါရာထူးများတွင် ခန့်အပ်တာဝန်ပေးလိုပါသည်။

၁။ စက်ရုံမန်နေဂျာ/ ထုတ်လုပ်ရေးမန်နေဂျာ ကျား(၂)နေရာ
- B.E (MP)/Food Technology
- အသက် ၃၅-၄၅ နှစ်အတွင်း
- စားသောက်ကုန်လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး ငါးနှစ်ရှိရမည်။

၂။ အကြီးတန်းမော်တော်ယာဉ် ပြင်/ထိန်း မန်နေဂျာ ကျား(၂)နေရာ
- B.E (MP)/Automobile
- အသက် ၃၅-၄၅ နှစ်အတွင်း
- ယာဉ် ပြင်/ထိန်းလုပ်ငန်းတွင် လုပ်သက်အနည်းဆုံး ငါးနှစ်ရှိရမည်။

ရာထူးနှစ်ခုစလုံးအတွက် လိုအပ်ချက်များ
- မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်စီမံခန့်ခွဲနိုင်ရမည်။
- မိမိကိုယ်ကို ယုံကြည်မှု၊ ကောင်းသော သဘောထားရပ်တည်ချက်ရှိမှု၊ ဝန်ထမ်းအဆင့်ဆင့်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပြီး ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှုစွမ်းရှိရမည်။
- အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ရမည်။

အထက်ပါ အရည်အချင်းနှင့် ပြည့်စုံသူများသည် ၁၄ ရက်အတွင်း ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူနှင့် လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲလျက် စာတိုက်သေတ္တာ အမှတ် ၂၂၁ သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အမည်ပြောင်း အဘ ဦးစံနွယ်၏သား ပြည်မြို့ အထက(၁) နဝမတန်း(ခ)မှ ကျောင်းဝင်အမှတ်(၁၉၅၁/၉၉) မောင်ပိုးသက်နိုင်ဦးအား မောင်လူမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လူမင်းသန့်။**

မွေးနေ့ဆုတောင်း

ချစ်သော တူလေး ကိုခစ် (လဝမ်ခစ်ခန်ခေါင်) ၂၄-၃-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မှ နောင်နှစ် ၁၀၀တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေ။

ချစ်တဲ့- မွေအောင်-လဝမ်ဂျာအောန်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)အမှတ်စဉ် (၁၀) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) အမှတ်စဉ် (၅)နှင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS)အမှတ်စဉ် (၁) သင်တန်းအစီအစဉ်များ၏ ၂၀၀၄ခုနှစ် ဇွန်လတွင် စတင်မည့် ပထမနှစ်သင်တန်းများအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်သူများသည် သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ဝယ်ယူတင်သွင်း နိုင်ပါသည်။
- (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
- (ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဃ) လုပ်ငန်းတွင် လုပ်သက်အနည်းဆုံး (၃)နှစ်လုပ်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ရမည်။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၅-၄-၂၀၀၄ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၂-၄-၂၀၀၄ရက် နောက်ဆုံးထား၍ အဆိုပါဌာနများ၌ပင် လာရောက်တင်သွင်းနိုင်ပါသည်။
- (က) MBAသင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
- (ခ) MPAသင်တန်းအတွက် အသုံးချဘောဂဗေဒဌာန အခန်း(၁၁၂) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) အင်းလျားလမ်း
- (ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန အခန်း (၁၀၆) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) အင်းလျားလမ်း

၃။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၀၄ ခုနှစ် ဧပြီလ ၂၄ ရက် စနေနေ့တွင် နံနက် ၉း၀၀နာရီမှ စတင်၍ အောက်ပါနေရာများ၌ ကျင်းပပါမည်။
- (က) MBAသင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
- (ခ) MPA နှင့် MDevS သင်တန်းများအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေး ကန့်သတ်လက်ခံပါမည်။

၅။ သင်တန်းများနှင့် ပတ်သက်၍ ဖုန်း-၆၆၀၈၂၂၊ ၆၆၄၆၈၄၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညိမ်းမောင် (မော်ကွန်းထိန်းအဆင့်-၁)၊ရန်ကုန်စီးပွားရေးတက္ကသိုလ်



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အောက်ပါသင်တန်းကျောင်းများတွင် ၂၀၀၄ခုနှစ် ဇွန်လ ၁ရက်နေ့၌ ဖွင့်လှစ်မည့်အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

စဉ်	သင်တန်းအမည်	ဖွင့်လှစ်မည့်ကျောင်းနှင့် တည်ရှိရာဒေသ	လက်ခံမည့် သင်တန်းသားဦးရေ
၁။	အထက်တန်းယွန်းပညာ တစ်နှစ်သင်တန်း	ယွန်းပညာကောလိပ် ပုဂံမြို့	၂၀ ဦး
၂။	အခြေခံရွှေချည်ထိုး၊ငွေချည်ထိုး သုံးလသင်တန်း	ဆောင်းဒါးရက်ကန်းကျောင်း အမရပူရမြို့	၁၀ ဦး
၃။	ရိုးရာလွန်းရာကျချိတ် ခြောက်လသင်တန်း	။	၁၀ ဦး
၄။	အထည်အလိပ်အတတ်ပညာ ၁½နှစ်သင်တန်း	။	၂၀ ဦး
၅။	ချည်မျှင်နှင့်အထည်လိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်း	အထက်တန်းရက်ကန်းကျောင်းများ (ဖလမ်း၊ မုံရွာ၊ ရွှေတောင်၊ ပခုက္ကူ၊ မိတ္ထီလာ၊ မုဒုံ၊ စစ်တွေ၊ တောင်ကြီး)	၁၀၆ ဦး (၂၀ ဦးစီ)
၆။	လက်ရက်ကန်း ခြောက်လသင်တန်း	အခြေခံရက်ကန်းကျောင်းများ (မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ ကျောက်မဲ)	၁၀၀ ဦး (၂၀ ဦးစီ)

၂။ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ အထက်တန်းယွန်းပညာသင်တန်းအတွက် ၁-၆-၂၀၀၄ရက်တွင် အသက် ၁၅နှစ်ပြည့်ပြီး ၂၅နှစ်ထက်မကျော်ရ။ ရက်ကန်းသင်တန်းများအတွက် အရပ်အမြင့် (ကျား) ၅ပေ၁လက်မ၊ (မ) ၄ပေ၁၁လက်မရှိ၍ ၁-၆-၂၀၀၄ရက် တွင် အသက် ၁၆နှစ်ပြည့်ပြီး ၂၅နှစ်ထက်မကျော်ရ။ သင်တန်းတိုင်းအတွက် လျှောက်ထားသူများသည် အိမ်ထောင်မရှိသူ အပျို၊လူပျိုဖြစ်ရမည်။ သင်တန်း (၂) (၃)အတွက်အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။ သင်တန်း (၂) (၃)နှင့် (၆)အတွက် အခြေခံပညာမူလတန်း အောင်မြင်ပြီးသူများ၊ သင်တန်း (၁)အတွက် အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ (သို့မဟုတ်) အခြေခံယွန်းပညာ တစ်နှစ်သင်တန်းအောင်မြင်ပြီးသူ သင်တန်း(၅) အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ၊ သင်တန်း(၄)အတွက် အနည်းဆုံးအခြေခံပညာ အထက်တန်း(ခ)အဆင့် အောင်မြင်ပြီးသူများဖြစ်ရမည်။ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းပြီး ကိုယ်ရောစိတ်ပါ ကျန်းမာသူဖြစ်ရမည်။

၃။ သင်တန်းသားများကို အဖွဲ့ဖြင့်လူတွေ့စစ်ဆေး၍ စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။ ပညာသင် ထောက်ပံ့ကြေး ချီးမြှင့်မည်။

၄။ လျှောက်လွှာတွင်အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်း၊ အရပ်အမြင့်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ ပညာအရည်အချင်းအတွက် အောင်လက်မှတ်မိတ္တူနှင့် သက်ဆိုင်ရာရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမိတ္တူတို့နှင့်အတူ ပူးတွဲလျက် တက်ရောက်လိုသည့်ကျောင်း(သို့မဟုတ်)အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)သို့ ၁၄-၅-၂၀၀၄ ရက်တွင် နောက်ဆုံးထားပေးပို့ရမည်။ မိမိလျှောက်လွှာတင်သွင်းခဲ့သည့် ရက်ကန်းကျောင်း/ဌာနသို့ လိုအပ်သောထောက်ခံစာများပါ တစ်ပါတည်းယူဆောင်၍ ၂၀-၅-၂၀၀၄ ရက်တွင် လူတွေ့စစ်ဆေးခံရန် လာရောက်ရမည်။

၅။ အသေးစိတ်သိရှိလိုပါက အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန(ရုံးချုပ်) တယ်လီဖုန်းအမှတ် ၀၁-၆၆၁၃၅၃၊ ၀၁-၆၆၁၀၄၆၊ ၀၁-၆၆၃၈၄၆ နှင့် ယွန်းပညာကောလိပ်၊ ရက်ကန်းကျောင်းများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သုခမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘ/၅၉၄၇ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထန်ဂွမ်းပုံ၊ နိုင်ငံသားမှတ်ပုံတင် အမှတ် ၁၃/မကန(နိုင်)၁၁၅၈၇၁ က မော်တော်ယာဉ် မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(လှိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(လှိုင်လင်)

အိမ်စီးကားသန့် ရောင်းမည်

97 Model-Daewoo Espero (၁ခ/၅----)
Aircon- Power - ဓာတ်ဆီ

ဖုန်း-၅၄၀၉၉၅၊ ၅၅၇၈၉၆

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သား မောင်ထက်မြတ်အောင် ၁၂/စခန(နိုင်) ၀၅၉၃၆၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးသိန်းဝင်း
၁၂/စခန(နိုင်)၀၁၇၀၃၃
ဒေါ်သန်းသန်းမြင့်
၁၂/စခန(နိုင်)၀၁၅၆၀၂



ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၁၄/၂၀၀၄ (၂၀၀၄ ခုနှစ်၊ မတ်လ ၁၆ ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အလုပ်ရုံခွဲမှူး (ကုန်ထုတ်)	ဓာတုအင်ဂျင်နီယာဘွဲ့	၃နေရာ
(ခ)	အလုပ်ရုံခွဲမှူး (ကုန်ထုတ်)	စက်မှုအင်ဂျင်နီယာဘွဲ့	၅နေရာ
(ဂ)	အလုပ်ရုံခွဲမှူး (ကုန်ထုတ်)	မြို့ပြအင်ဂျင်နီယာဘွဲ့	၁နေရာ
(ဃ)	အလုပ်ရုံခွဲမှူး (ကုန်ထုတ်)	အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့	၂နေရာ
(င)	အလုပ်ရုံခွဲမှူး (ကုန်ထုတ်)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့	၂နေရာ

၂။ လျှောက်ထားသူသည်
- (က) မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀-၄-၂၀၀၄ ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၄ ရက် အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များ**တွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၄ ရက်အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၈-၅-၂၀၀၄ ရက်နှင့် ၉-၅-၂၀၀၄ ရက်များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၆-၅-၂၀၀၄ ရက်မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးခင်မောင်သန်း (Tony)
မြန်မာ့သစ်လုပ်ငန်း

မိသားစုအပေါ် မေတ္တာတရားကြီးမားတဲ့ အနန္တ ကျေးဇူးရှင် ချစ်ဖေဖေ မိသားစုနဲ့ ခွဲခွာသွားသည်မှာ ၂၄-၃-၂၀၀၄ ရက်နေ့တွင် (၂)နှစ်ပြည့်ပြီဖြစ်သော်လည်း နှမြောတသ မဆုံးပါ။ ဖေဖေ့အတွက် ရည်စူးပြီး ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာခု ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်ခင်သန်းရီ(ဝါ)ဒေါ်ဂျူစီ
ချစ်သမီး၊ ချစ်သားနှင့် ချစ်မြေးများ။

MCC Basic Accounting Course

BEC

SUMMER ENGLISH, MANDARIN & COMPUTER COURSE

Starting on 1st APRIL

ENROLL NOW !

62, YAW MIN GYI STREET, DAGON. ☎: 241939

TOP ☎ 243363 705877

အမည်ပြောင်း အဖ ဦးရဲမွန်၏သမီး မှတ်ပုံတင်အမှတ် ၅/မရန(နိုင်) ၁၈၈၈၄၈ (ဒုတိယနှစ်၊ ဥပဒေပညာ၊ မုံရွာတက္ကသိုလ်)မှ မသန္တာရဲမွန်အား မသုမွန်သန္တာဟု ပြောင်းလဲခေါ်ပါရန်။

မသုမွန်သန္တာ။

အမည်ပြောင်း အဖ ဦးမောင်ဝင်း၏သား မောင်ဝင်းထွဋ်ဦး ၁၂/ပဘတ(နိုင်)၀၂၅၁၅၉အား မောင်ဝင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝင်းထွဋ်။

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း(ဘုတ်ပြင်း) မှ အောက်ပါဝန်ထမ်းများအလိုရှိသည်
လစာကောင်းကောင်းပေးမည် (ပြည်တွင်း၌သာ ခန့်ထားရန်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန် ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Chemist- B.Sc.(IC)	၁ ဦး	(ကျား)
၂။ လျှပ်စစ်ကျွမ်းကျင်သူ A.G.T.I(Electrical)	၁ ဦး	(ကျား)
၃။ ဆီအုန်းခြံလုပ်သား	၈၀	(ကျား)

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ၁၀ ရက်အတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ **Golden Flower Plaza** အမှတ် ၂၁၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၂၂၈၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ဒေါ်မြင့်မြင့်လှိုင်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈၂၊ ပန်းဆိုးတန်းနေ (ဦးမြလှိုင်-ဒေါ်ခင်ညွန့်)တို့၏ သမီးကြီး၊ (ဦးကျောက်)၏ဇနီး၊ ဦးခင်မောင်လှိုင်၊ ဒေါ်မြနွယ်၊ ဒေါ်ကြည်ကြည်သန်း၊ ဗိုလ်မှူးတင်ထွဋ်(ငြိမ်း)-ဒေါ်တင်အေးခိုင် (အထက-၂ လသာ၊ ငြိမ်း)၊ ရဲမှူးကြီးဦးအောင်ခိုင်(ငြိမ်း)-ဒေါ်စန်းမြိုင်၊ (ဦးတင်အောင်)-ဒေါ်အေးလှိုင်၊ ဦးအောင်ဖေ-ဒေါ်ခင်ဝင်းလှိုင်၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ခင်ဆွေလှိုင်တို့၏အစ်မကြီးသည် ၂၃-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ဇေယျ (လှိုင်ကော်)

၁၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းနှင့်
လုပ်ဖော်ကိုင်ဖက်များ(ရန်ကုန်)။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ဇေယျ (လှိုင်ကော်)

၁၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုစိုးနိုင်၊ ကိုသန်းထွဋ်။

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးလှဖေ
အသက်(၇၅)နှစ်

၂၄-၃-၂၀၀၄ရက်တွင် (၁)လပြည့်ပြီးဖြစ်သော်လည်း သတိရနေဆဲပါ။ ပြုသမျှ ကောင်းမှုများကို အမျှပေးဝေပါတယ်၊ သာဓုခေါ်ပါ။

ဇနီးဒေါ်တင်နွဲ့နှင့်သားသမီးမြေးများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းမောင်
အင်ဂျင်နီယာချုပ်(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဦးဝင်းမောင် (အငြိမ်းစားအင်ဂျင်နီယာချုပ်)သည် ၂၂-၃-၂၀၀၄ရက်တွင် မန္တလေး၌ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးကိုကို-ဒေါ်ခင်စန်းရီ
မိသားစု(သုဝဏ္ဏ)။

ဗိုလ်မှူးဘစန်း
(အငြိမ်းစား)
ဗိုလ်သင်တန်းအပတ်စဉ်(၇)
အသက်(၈၀)

(ဦးနီ-ဒေါ်အုန်းစိန်)တို့၏ သား၊ (ကျောင်းဒကာသုန်-ဒေါ်စောခင်)တို့၏ သားသမက်၊ (ဒေါ်တင်တင်ရီ) ဒေါ်အေးအေးမြတို့၏ခင်ပွန်း၊ (ဦးဘဂျမ်း-ဒေါ်သန်းခင်)တို့၏ညီ၊ ဦးလှမြင့်-ဒေါ်တင်အေးတို့၏အစ်ကို၊ အမှတ် C-၇၊ စံပယ်ခြံ ၁ လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ ဗိုလ်မှူးကြီးမင်းသွင်-ဒေါ်မျိုးသီတာ(ခ)သဇင်၊ ဦးအုန်းမြင့်(BSN Hanseatic Shipping Co., Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းရှိန်-ဒေါ်ခင်စန်းမြင့်(ခ)Sheila (Bayer Company)၊ ဗိုလ်ကြီးမြင့်သိန်း-ဒေါ်နန်းပြုံးတို့၏ဖခင်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဘစန်း
(အငြိမ်းစား)
ဗိုလ်သင်တန်းအပတ်စဉ်(၇)
အသက်(၈၀)

(ဦးနီ-ဒေါ်အုန်းစိန်)တို့၏ သား၊ (ကျောင်းဒကာသုန်-ဒေါ်စောခင်)တို့၏ သားသမက်၊ (ဒေါ်တင်တင်ရီ) ဒေါ်အေးအေးမြတို့၏ခင်ပွန်း၊ ကိုထွန်းထွန်းမင်း (A.G.T.I-EP)၊ သီဟဇော်၊ ကိုသက်လင်းထွန်း(Mega Brothers Group Co., Ltd.)-ဒေါက်တာခိုင်နွယ်တင်၊ ကိုဇေသူအောင်(NSC)-မပွင့်ငုံ(မြန်မာ့ပုလဲလုပ်ငန်း)၊ ကိုဖွဲ့စည်သူမြင့်[(AB) Hanseatic Shipping Co., Ltd.]၊ ကိုသူရမင်း (B.C.T)၊ မမိမိကျော် (B.A, Eco:)၊ မခင်ချစ်ပွင့်ဖြူ (Fioal Year, BBA)၊ ကိုရဲဝေသူမြင့် (မြန်မာစာ၊ တတိယနှစ်)တို့၏ အဘိုးသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမြေးများ။

ဦးငွေစိုး
(ရွှေရည်ဦးရွှေဆိုင်၊ကော့ကရိတ်)
အသက်(၃၉)နှစ်

ကော့ကရိတ်မြို့၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ(ဦးမောင်မြင့်)-ဒေါ်စိန်တို့၏သား၊ (ဦးရွှေလူ)-ဒေါ်ရွှေအေးတို့၏သားသမက်၊ ဒေါက်တာဝင်းမြင့်-မခင်နီလာကြွယ်၊ ကိုသိန်းမြင့်-မမဲတို့၏ညီ/မောင်၊ ကိုသန်းမောင်၊ ကိုအံ့ကူ၊ ကိုသူရ-မရီရီခိုင်တို့၏ညီ/မောင်၊ ကိုဘမြင့်-နော်ထွေးထွေးခိုင်၊ မမြစိန်၊ ကိုထွေးတို့၏အစ်ကို၊ ဒေါ်သိန်းသိန်းဦး၏ခင်ပွန်း၊ မောင်ထက်မြက်စိုး၊ မောင်အောင်ငွေဖြိုးတို့၏ဖခင်သည် ၂၂-၃-၂၀၀၄ရက် ည ၇ နာရီတွင် ကွယ်လွန်သဖြင့် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ခနိမ်မူသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ဆွေဦး(ခ)
ဦးထွန်းရှိန်
မြန်မာ့လေကြောင်း(ငြိမ်း)
မှော်ဘီမြို့
အသက်(၆၇)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နေ (ဦးပေါကြွယ်-ဒေါ်အေးခင်)တို့၏သား၊မှော်ဘီမြို့၊အမှတ် ၉၃၊(၄)ရပ်ကွက်၊ ကမ်းသာယာလမ်းနေ ဒေါ်အေးမြင့် (အောင်ချမ်းသာ မိသားစုအထည်ဆိုင်)၏ခင်ပွန်း၊ မခင်မျိုးတင့်၊ မောင်မင်းဇော်ဦးတို့၏ဖခင်သည် ၂၂-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မှော်ဘီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
(F.E.R.D)
အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးအုန်းခိုင်-ဒေါ်ကြင်မေ)တို့၏သမီး၊ (ဗိုလ်မှူးချုပ်တင်ဖေ)-ဒေါ်သိန်းဆိုင်(ဒေါ်မြတ်လေး)၊ ဦးယုတိတ်(ဗိုလ်ကြီး၊ ငြိမ်း)-(ဒေါ်ကြူကြူ)၊ (ဗိုလ်မှူးကြီးတန်ယုဆိုင် - ဒေါ်လှလှ)တို့၏ညီမ၊ ဒေါက်တာဦးတင်အေး (ဗိုလ်မှူးကြီး၊ ငြိမ်း)-(ဒေါက်တာဒေါ်မြမြ)၊(ဦးဝင်းမောင်)-ဒေါ်သန်းရီ(လ/ထ ညွှန်မှူး၊ လဝက၊ ငြိမ်း)၊ (ဦးကိုယု)-ဒေါ်သန်းမြင့်၊ (ဦးတင်ဦး-ဒေါ်မေစန်းရီ)၊ [ဗိုလ်ကြီးထွန်းရီ(လေ)]တို့၏အစ်မသည် ၂၃-၃-၂၀၀၄ရက် နံနက် ၁၁း၀၅ နာရီတွင် တိုက်အမှတ် A-1၊ အခန်း ၄၀၇၊ ရွှေဂုံသူအိမ်ရာ၊ကြည့်မြင်တိုင်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
(F.E.R.D)
အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးအုန်းခိုင်-ဒေါ်ကြင်မေ)တို့၏သမီး၊ (လေယာဉ်မှူးကြီးဦးသီဟကျော်သူ)-ဒေါက်တာဒေါ်မြစန်းအေး၊ ဦးဝဏ္ဏစည်သူ-ဒေါ်မာလာထွန်း၊ ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး-ဒေါ်ခင်စောဥမ္မာ၊ဦးနန္ဒကျော်စွာ-ဒေါက်တာဒေါ်မြင့်ငွေ၊ ဦးအောင်ယုလှိုင်-ဒေါ်ခင်သန်းရှု၊ ဦးတင်ကျော်သန်း - ဒေါ်စီစီဆိုင်၊ ဒေါက်တာလှမြင့်ထွန်း-ဒေါ်စန္ဒာမြင့်၊ ဒေါ်ခင်သီမာအေး၊ ဦးဝင်းမော်-ဒေါ်မွန်မွန်အေး၊ ကပ္ပတိန် ဦးဝင်းသန်းဦး-ဒေါက်တာမီမီသိန်း၊ ဒေါက်တာ ဒေါ်မာမာဝင်း(C.W.H)၊ ဦးအောင်သူ (RCL) - (S/N) ဒေါ်လဲ့လဲ့ဝင်း (ABCU-Y.G.H)၊ ဦးကျော်သူ-ဒေါ်လဲ့လဲ့ခိုင်၊ ဦးကျော်မောင်မောင်၊ ဒေါက်တာယုမောင်မောင်-ဒေါ်နှင်းမြင့်နိုင်၊ ဦးညွန့်ဝင်း-ဒေါ်ခင်ယုဝတီမြင့်၊ ဦးကိုကိုယု-ဒေါ်ဖြူဖြူဝင်း၊ ဦးယုညီထွေး၊ ဦးကျော်ဆန်းဦး-ဒေါ်မြသန္တာဝင်း၊ ဦးလှဆန်းဦး-ဒေါ်ယမင်းစု၊ဦးတင်ကိုကိုတို့၏အဒေါ်သည် ၂၃-၃-၂၀၀၄ရက် နံနက် ၁၁း၀၅ နာရီတွင် တိုက်အမှတ် A-1၊ အခန်း ၄၀၇၊ ရွှေဂုံသူအိမ်ရာ၊ ကြည့်မြင်တိုင်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူ တူ၊တူမများ။

ဦးလှမြင့်(ခ)
ဦးတင်ရွှေ (နာရီ)
(ငါးထပ်ကြီး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊သဇင်လမ်း၊အမှတ် ၂၈၁ နေ(ဦးဟန်-ဒေါ်မြစိန်)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဒေါ်သန်းဝင်း၏ခင်ပွန်း၊ သားသမီး ခုနစ်ယောက်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၀၄ရက် နံနက် ၇း၅၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(ခ)
ဦးအန်မော်ကောက်
(တာမွေလေး)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ အမှတ် ၁၊ သစ္စာလမ်းနေ [ဦးလိုဝါး-(ဒေါ်ကျင်တီ၊ ဒေါ်အုန်းမြိုင်)]တို့၏ စတုတ္ထသား၊ ဦးခန့်မေ-ဒေါ်စောလျှံတို့၏သားသမက်၊ ဒေါ်ဝင်းကြည်(ခ)ငေါကင်ဘီ၏ခင်ပွန်း၊ မဖြူဖြူအောင်-ကိုလှခိုင်၊ မောင်သီဟအောင်-မပိုးခင်၊ Dr.သူဇာအောင်-ကိုဇော်ဝင်း၊ မောင်မျိုးမင်း၊ မအေးမီအောင် (VI Year Electronic YTU)၊ မသီဂီအောင် (Final Year BBA YIE)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်
(မော်လမြိုင်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၆၊ အခန်း ၇ နေ (ဦးသန်းဖေ-ဒေါ်ဖွားမေ)တို့၏သမီး၊ (ဦးစိန်ထင်-ဒေါ်စိမ်းရင်)တို့၏ သမီးချွေးမ၊ ဦးသာခင်(လက်ထောက် ဘဏ္ဍာရေးမှူး-ငြိမ်း၊ M.E.P.E)၏ ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်မူမူမြိုင်၊ ဦးဆန်း-ဒေါ်မြမြသန်း၊ ဒေါ်သန်းသန်းစိုး၊ ဦးလှထွဋ်-ဒေါ်သန်းသန်းနိုင်တို့၏ မိခင်၊ မောင်ဝင်းမင်းမောင်-မသင်းသင်းဆွေ၊ မောင်သက်နိုင်ဦး-မမေသန္တာအေး၊မောင်မျိုးမင်းမင်း၊ မအိန္ဒြာထွန်း၊ မောင်သန်းထိုက်အောင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၃-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်ဦး
ဘွဲ့လွန်အသုံးချ
ဘူမိဗေဒဌာန(အငြိမ်းစား)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၉(က)၊ ဟံသာဝတီ ၂၂ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ မသစ်သစ်ဦး၊ ကိုလင်းဦး(M.V. Trans Future II)တို့၏ဖခင်၊ တောင်ငူမြို့နေ ကိုစိုးမင်း၊ မလေးဖြူတို့၏အစ်ကို၊ ဒေါ်လှလှ၏မောင်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန့်
(သံတွဲမြို့၊ ကင်းမော်)
ရုံးအုပ် B.A (Hist:)
အမှတ်(၁)၊သတ္တုတွင်းလုပ်ငန်း
အသက်(၅၉)နှစ်

သံတွဲမြို့၊ ကင်းမော်ရွာနေ ဦးအေးလှ-(ဒေါ်နှင်းလှဖြူ)တို့၏ သမီး၊ (ဦးအောင်သိန်းတင်)-ဒေါ်ယဉ်တင့်၊ ဒေါ်ခင် (ဆရာမ၊ ငြိမ်း)၊ ဦးကျော်သိန်း-ဒေါ်ညွန့်ရီတို့၏ညီမ၊ ဦးကျော်သန့်(မြန်မာမန်းကုမ္ပဏီ)-ဒေါ်အေးသန်း(မြန်မာ့ပုလဲ)ဒေါ်နော်အယ်ဖော (ဗဟိုဘဏ်)၊ ဒေါ်ခင်ထွေးရီ(အထက၊ ကင်းမော်)တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ရီ (M.P.F)၏အဒေါ်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ရန်ကင်းမြို့နယ်၊တိုက် ၁၊ အခန်း ၅၊ ဗဟိုဘဏ်ရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဂေါ်လူဒေးဗစ်
(မြစ်ကြီးနား)
အထက(၅)၊ (ငြိမ်း)
အသက်(၅၆)နှစ်

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်နေ(ဦးဂေါ်လူဂမ်-ဒေါ်အုန်းချယ်)တို့၏ ဒုတိယသား၊ ဒေါ်ဖော်ယမ်ဘောက်(အငြိမ်းစားကျောင်းဆရာမ)၏ခင်ပွန်း၊ ဒေါ်ဆိုင်းတောင်-ဦးအောင်ဟိန်းခွန်၊ မဆိုင်းရာ၊ မဆိုင်းမိုင်၊ မဂျာဆိုင်းအောင်တို့၏ဖခင်၊ ဦးထွန်းရွှေ(ပြည်နယ်ငါးဦးစီးမှူး၊ ငြိမ်း)-ဒေါ်ကိုင်လိန်တို့၏ညီ၊ ဒေါ်ခေါန်မိုင်-ဦးအောင်နိုင်၊ ဦးဗစ်တာဂေါ်လူလူ၊ ဦးဂေါ်လူတူးထန်၊ ဒေါ်ဂျာအောင်-ဦးအောင်တင်ဝင်း(ကျောက်စိမ်းတူးဖော်ရေးဌာန)တို့၏အစ်ကို၊ ဦးဘရန်တောင်-ဒေါ်ဂျာဘန်(ပါမောက္ခ၊ ဒဿနိက)၊ ဦးလတ်အောင်(အငြိမ်းစားရှေ့နေ)-ဒေါ်အားလိန်၊ ဒေါ်ခေါန်ဂျာ၊ ဒေါ်ဂျီးရွယ်တို့၏ ခဲအိုသည် ၂၃-၃-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် သုခကမ္ဘာဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှကြည်
ဌာနစုမှူး(ငြိမ်း)၊
နိုင်ငံခြားရေးဝန်ကြီးဌာန
အသက်(၇၈)နှစ်

(ဦးဟုန်ထျန်-ဒေါ်ထော)တို့၏သား၊ (ဦးသက်လွင်-ဒေါ်တင်စိန်)၊ (ဦးတင်မြင့်-ဒေါ်တင်တင်ခိုင်)၊ (ဦးတတ်မိန်-ဒေါ်သန်းသန်း)၊ (ဒေါ်အေးအေး)၊ ဦးသန်းထွန်းချိန်-ဒေါ်တင်တင်တို့၏ ညီ/မောင်၊ တူ တူမ ၁၂ ယောက်တို့၏ ဦးလေး တာမွေမြို့နယ်၊ ဓနိကြွယ် (က)ရပ်ကွက်၊ သမာဒိဋ္ဌိလမ်း၊ အမှတ် ၄၈နေ ဦးလှကြည်သည် ၂၃-၃-၂၀၀၄ ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ထီး၊သိမ်ဒါယကာကြီး
ဦးဝင်းမောင်
အင်ဂျင်နီယာချုပ်(ငြိမ်း)
ဆောက်လုပ်ရေး
အသက်(၇၆)နှစ်

ဝမ်းတွင်းမြို့နေ (ဦးချစ်ဖေ-ဒေါ်ဒေါ်ခ)တို့၏သားကြီး၊ မိတ္ထီလာမြို့နေ (ဦးအေး-ဒေါ်စိုးမြင့်)တို့၏သားသမက်၊ မန္တလေးမြို့၊ ကျွဲဆည်ကန် ၃ လမ်း၊ ချမ်းမြသာယာရပ်ကွက်၊ C/၂၇ နေ (ဒေါ်မေအုန်း)၏ခင်ပွန်း၊ ဒေါက်တာမျိုးမြင့်မော်[ကထိက၊ အထူးကုသမားတော်၊ ဆေး(၁) ရန်ကုန်]-ဒေါက်တာခင်မာလာဝင်း(ကထိက၊ ရောဂါဗေဒဌာန၊ မန္တလေး သွားဆေးတက္ကသိုလ်)၊ ဒေါက်တာခင်နီလာဝင်း(ကထိက၊ကလေးအထူးကု၊ မန္တလေး ဆေးတက္ကသိုလ်)၊ ဒေါက်တာမြင့်စိုး၊ ဒေါက်တာသီတာဝင်း (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ ဒေါက်တာလေးအောင် (အထူးကုသမားတော်)-မခင်စန္ဒာဝင်းတို့၏ဖခင်၊ မမေမြတ်နိုး၊ မောင်ဝေယံဖြိုးတို့၏အဘိုးသည် ၂၂-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်
(မန္တလေးမြို့)
အသက်(၆၁)နှစ်

ကျောက်မဲမြို့နေ(ဦးစိန်-ဒေါ်ပု)တို့၏သား၊ ဦးတင်မောင်ကြူ-ဒေါ်ခင်ထွေး၊ (ဦးကျော်သန်း)၊ (ဒေါ်မို့မို့)၊ ဦးကျော်အောင်-ဒေါ်စန်းမြင့်တို့၏ညီ၊ ဦးမောင်မောင်ရွှေ-ဒေါ်ယုယုစိန်၊ ဒေါက်တာကျော်သူ၊ ဦးလင်းဝင်း-ဒေါ်ရီရီစိန်၊ ဦးချန်ထွန်း-(ဒေါ်သင်းသင်းစိန်)တို့၏အစ်ကို၊ မနန်းကြည်ကြည်သန်း၊ စိုင်းကျော်လွင်၊ စိုင်းအုံ့ခမ်း၊ ကိုဝင်းငွေ-နန်းမိုဟွမ်း၊ ကိုနေလင်းအောင် - မနန်းဥမ္မာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ခင်နှင်းရီ၏ခင်ပွန်းသည် ၁၉-၃-၂၀၀၄ရက် ညနေ ၆ နာရီတွင် ကွယ်လွန်ပါ၍ ၂၀-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ၂၉ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ ရွှေလုံနေအိမ်မှကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်သူ
(ပြည်သူ့လွှတ်တော်ရုံး)
အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် ၁၁နေ(ဦးစိန်သောင်း)-ဒေါ်လေးမြင့်တို့၏သား၊ ရဲအုပ် လေးရည်(မိုင်းတုံရဲစခန်း)၊ ဒေါ်ခင်လေးမြ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ ဒေါ်ခင်လေးမြိုင် (အစိုးရကွန်ပျူတာကောလိပ်၊ လားရှိုး)တို့၏တူ၊ ကိုမြတ်သူ၊ မလဲ့လဲ့သူ၊ မသိမ့်သိမ့်သူတို့၏ညီ/မောင်၊ မောင်ကျော်သူ၏အစ်ကိုသည် ၂၂-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မူလကသစ်ပိုင်ဆရာတော်
ဘဒ္ဒန္တ လက္ခဏ
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဗျားကျေးရွာ မူလကသစ်ပိုင် ဓမ္မရိပ်သာကြီးတွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တ လက္ခဏသည် ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၂ ရက် (တနင်္လာနေ့) ညနေ ၃း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်
(မန္တလေးမြို့)
အသက်(၇၅)နှစ်

မန္တလေးမြို့၊ ၃၃ လမ်း၊ ၈၄ x ၈၅ လမ်းကြား၊ လက်ဆည်ကန်ရပ်၊ အမှတ် ၂၈၈ နေ (ဦးမောင်လှ)၏ဇနီး၊ ဦးလှသိန်း-ဒေါ်အေးအေးတို့၏အစ်မ၊ မောင်ကိုကို၊ မမို့မို့ခင်၊ မောင်သိန်းထွန်း၊ မဆွေဆွေလှတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွား၊စပါယ်(A)ရုံ၊ မြေညီထပ်၊ ဈေးချို ဦးမောင်လှ-ဒေါ်ကြည်ကြည် (အလှကုန်ရောင်းဝယ်ရေး)သည် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့)ည ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအုန်းမောင်
အသက်(၇၂)နှစ်

ရွှေဘိုခရိုင်၊ကန့်ဘလူမြို့နေ(ဦးညို-ဒေါ်ပြန့်)တို့၏သားထွေး၊ ပုလဲမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ် ၃၅၃ နေ ဒေါ်ကြွေ၏ခင်ပွန်း၊ ဦးသန်းရှိန်-ဒေါ်ခင်ဝင်း၊ (ဦးမြင့်ဆွေ)-ဒေါ်သန်းသန်းငွေ၊ ဒုတက သက်ထွန်း-ဒေါ်ခင်ရီ၊ (ဦးအေးမောင်)-ဒေါ်စမ်းစမ်းအေး၊ ကိုအောင်သန်း-မနွယ်နွယ်ဝင်းတို့၏ဖခင်၊ မောင်မြတ်မင်းထွန်း၊ ထွန်းမင်းအောင်၊ ဇော်မင်းထွန်း၊ ဇာဇာညိုထွန်း၊ အိဖွေးမွန်၊ ယွန်းနန္ဒာမောင်တို့၏အဘိုးသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးကျော် (တာပွန်)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ယုဇနဉယျာဉ်မြို့တော်၊ယုဇနလမ်း၊ တိုက် ၂၊ အခန်း ၁၀၁၊ စစ်တောင်းရိပ်မွန်အိမ်ရာနေ (ဦးစိန်မောင်)-ဒေါ်ကြည်ကြည်တို့၏သား၊(ဦးဘိုးကြွေ)-ဒေါ်သိန်းကြည်တို့၏သားသမက်၊ဒေါ်ဝင်းကြည်၏ခင်ပွန်း၊သားသမီးရှစ်ယောက်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက်၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းမြင့်
(Jasmine)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ ညောင်ရမ်းလမ်း၊အမှတ် ၁၄/၅/၁၅ နေ (ဦးအောင်မြင့်)-ဒေါ်ကျင်ပိုင်တို့၏သမီးကြီး၊ (ဦးကျင်မောင်)-ဒေါ်ထွေးတင်တို့၏သမီးချွေးမ၊ ဦးကံမြင့်၏ဇနီး၊ (ဒေါ်ခင်ဝင်းမြင့်)၊ မစန်းလှ၊ ကိုဇော်မင်းအောင်တို့၏အစ်မ၊ မောင်မင်းနိုင်ဦး၊ မောင်လေးဝင်းဦး၊ မရွက်ဝါဖြိုးတို့၏မိခင်သည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်သန်း
(လေးမျက်နှာ)
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင် ၃ လမ်း၊ အမှတ် ၁၀၅ နေ (ဦးစိန်ခို-ဒေါ်ငွေ)တို့၏သား၊ (ဒေါ်ခင်မာညို)၏ခင်ပွန်း၊ဒေါ်ယုယုသန်း(အလယ်တန်းပြ၊ အမက-၁၂၊ စမ်းချောင်း)၏ဖခင်သည် ၂၃-၃-၂၀၀၄ရက် နံနက် ၂း၁၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြသိန်း
စား/ဖျော်(ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ မင်းလှဝကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်လှမြိုင်)တို့၏သား၊ (ဦးခရစ်ရှနား)-ဒေါ်သိန်းနုတို့၏သားသမက်၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ တိုက် ၃၅၃၊ အခန်း ၇ နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ မမိုးအေး၊ မလင်းလင်းမြင့်၊ ကိုထွန်းထွန်း-မခင်ခင်ဇော်တို့၏ဖခင်၊ မောင်ဝင်းမြတ်ကျော်၏အဘိုးသည် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်စိန်
အသက်(၆၁)နှစ်

လှိုင်ကော်မြို့၊ ရှမ်းစုရပ်၊ လောပိတလမ်း၊ အိမ်အမှတ် ၅၇၊ (လွင် နာရီပြင်ဆိုင်)နေ (ဦးမောင်လွင်)၏ဇနီး၊ (မောင်မြတ်ခိုင်)၊ (မောင်အောင်အောင်)-မဝင်းဖြူ၊ မောင်ညီညီခိုင်-မဆိုင်လီ၊ မောင်ညီညီထွန်း၊ မောင်ညီညီထွေးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မာတလိလမ်း နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ဖြိုးမောင်မောင်
အထက(၃)တောင်ဥက္ကလာ
ကျောင်းသားဟောင်း
အသက်(၁၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးတင်ရွှေ)-ဒေါ်လုံးတင်တို့၏ မြေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် ၁၂၆၁ နေ ဦးချစ်-(ဒေါ်ကြင်စိန်)တို့၏ မြေး၊ ဦးတင်မြင့်-ဒေါ်သန်းသန်းငွေ (ပေဟမဝန်ဈေး)တို့၏ သားထွေး၊ ကိုအောင်နိုင်-မသီသီဦး၊ ကိုအောင်ဇော်မင်း-မဖြူဖြူဝင်းတို့၏ ညီ/မောင်သည် ၂၂-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၉း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုဌာန၌ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၅၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ တရုတ်ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီချစ်ကြည်ရေးခရီးရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်မဒမ်ဝူရီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊

စာမျက်နှာ ၁၃ ကော်လံ ၅ ●

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး၌ တည်ဆောက်ပြီးစီးသွားသည့် (၂၅)တန်ကျ ဖွဲနုဆီစက်ကို မတ် ၂၁ရက်က ဖွင့်လှစ်အပြီးတွေ့ရစဉ်။ (သတင်း-၄) (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

"အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့်လည်း ကြိုးပမ်းတည်ဆောက်ခဲ့ဖူးပါ၏။ သို့သော် မည်သည့်ခေတ်အခါတွင်မှ ဤမျှလောက် အောင်မြင်မှုမျိုးမရရှိခဲ့ပေ။ ထို့အတူ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မရှိဖူးသေးသော စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်လည်း တိုင်းရင်းသားတို့၏ ယုံကြည် ကိုးစားမှုကို ပိုမိုခံယူရရှိခဲ့ခြင်းဖြစ်သည်။

★ မြင့်စိုး(နတလ)၏ **"ဆယ်စုနှစ်များကို ဖြတ်သန်းခြင်း"**ဆောင်းပါး — စာမျက်နှာ (၈-၉)
★ **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"**ဓာတ်ပုံမှတ်တမ်း — စာမျက်နှာ (၇)
★ တက္ကသိုလ်တင်ခ၏ **"တပ်မတော်၏မြတ်အဖော်"**ကဗျာ — စာမျက်နှာ (၃)
★ လှထွဋ်ဦး၏ **"ပြည်သူတွေရဲ့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့လို့ ပြည်သူ့တပ်မတော်လို့ခေါ်တာ"**ကာတွန်း — စာမျက်နှာ (၃)

ခေတ်အဆက်ဆက်ပြည်သူ့အတွက်တပ်မတော်

တပ်မတော်သမိုင်းအပါအဝင်အဖိုးတန်ရှားပါးစာအုပ်များ စာအုပ်ဈေးပွဲတော်မှ အထူးနှုန်းဖြင့်ရောင်းချပေးနေ

သတင်းဆောင်းပါး - မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၃

ကုန်စည်ပြပွဲ၊ဈေးပွဲတော်ဟူသော ဝေါဟာရများကို ယခုတလောလှိုင်လှိုင်ကြားနေရသည်။ရန်ကုန် ကုန်စည်ပြပွဲ၊ သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲ၊ယခု စာအုပ်ဈေးပွဲတော်စသည်ဖြင့် အခေါ်အဝေါ်အမျိုးမျိုး၊ဝေါဟာရအဖုံဖုံသုံးစွဲပြီးဈေးရောင်းပွဲများကျင်းပနေကြသည်။

ထုတ်လုပ်သူများကိုယ်တိုင် ဈေးကွက်မိတ်ဆက်အဖြစ် ပြသသည်လည်း ရှိသည်။ ဈေးကွက်ချဲ့ထွင်သည့်အနေဖြင့် ရောင်းချသည်လည်းရှိသည်။ ရည်ရွယ်ချက်ကား မိမိတို့ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို လူအများ သုံးစွဲနိုင်စေရန်ဖြစ်သည်။

ယခုဈေးပွဲတော်ကား ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး ကျင်းပသော

စာမျက်နှာ ၁၃ ကော်လံ ၁ ■

စာအုပ် ဈေးပွဲတော်တွင် အဖိုးတန် ရှားပါးစာအုပ်များလည်း ရောင်းချလျက်ရှိရာ တပ်မတော်သမိုင်း၊ မှန်နန်းရာဇဝင်တော်ကြီး၊ နိုင်ငံသမိုင်းသုတေသန၊ မှာတော်ပုံ၊ ဗိုလ်ငြိုကာ၊စွယ်စုံကျော်ထင်ကျမ်းစသည့် စာကောင်းပေမွန် စာအုပ်များ ရောင်းချရန်ပြသထားသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)